မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၂၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၇၉)

ဦးထမ်းပဲ့ထမ်းဆောင်ရွက်ခဲ့

“ကမ္ဘာ့ရေးရာ အခြေအနေများနဲ့ နှိုင်းယှဉ်ကြည့်ရင် ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ဟာ မိဘပြည်သူများအတွက် တကယ့်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ၊ စံနမူနာသာဓကပြုဖွယ်ရာ အောင်မြင်တဲ့ ကူးပြောင်းမှုကြီးပဲဖြစ်ပါတယ်။ ဒီအခြေအနေကို ရောက်ရှိအောင် ဘယ်သူတွေဆောင်ရွက်ခဲ့တာလဲ။ ကျွန်တော်တို့အစိုးရချည်းပဲသက်သက်မဟုတ်ပါဘူး။ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်က လူ့အဖွဲ့အစည်းတွေ၊ လွှတ်တော်အရပ်ရပ်က လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ စတုတ္ထမဏ္ဍိုင် မီဒီယာတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ တပ်မတော်စတဲ့ သက်ဆိုင်ရာ Stakeholder တွေအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဦးထမ်းပဲ့ထမ်းဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ အဓိကအကျဆုံးကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသား မိဘပြည်သူတွေပဲ ဖြစ်ပါတယ်”

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

(၁-၃-၂၀၁၂ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး၌ ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပေ (၁၈၀) အထက် ၁၂ စင်းမြောက် ပေပင်မြစ်ကူးတံတားဖွင့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ငပုတောမြို့နယ်မှ မြန်မာနိုင်ငံဒေသအသီးသီးသို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မည်

နေပြည်တော် မတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ လမ်းအမှတ် (၁၁)ဖြစ်သည့် ပုသိမ်-ငပုတောလမ်းပေါ်ရှိ ပေပင်မြစ်ကူးတံတားကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်က စတင်တည်ဆောက်ခဲ့ရာ မတ် ၂၅ ရက်တွင် အခမ်းအနားဖြင့် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည်။

ပေပင်မြစ်ကူးတံတား ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ကန်ကြီးထောင့်မြို့နယ် ပုသိမ်-ငပုတောလမ်းပေါ်ရှိ အဆိုပါတံတားကြီးအနီး မင်္ဂလာမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် ပုသိမ်မြို့မှ

စာမျက်နှာ ၂ ကော်လံ ၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေပင်မြစ်ကူးတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ လမ်းအမှတ် (၁၁)ဖြစ်သည့် ပုသိမ်-ငပုတောလမ်းပေါ်ရှိ ပေပင်မြစ်ကူးတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။

❒ ရှေ့ဖုံးမှ

မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ပုသိမ်-ငပုတောလမ်းတစ်လျှောက် လမ်းဘေးဝဲယာမှ ဒေသခံပြည်သူများက "နိုင်ငံတော်သမ္မတကြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ" ဟူသောကြွေးကြော်သံများ ကြွေးကြော်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း သောင်းသောင်းဖြဖြအားရဝမ်းသာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့အတူ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ပေပင်မြစ်ကူးတံတားအနီး မင်္ဂလာမဏ္ဍပ်သို့ရောက်ရှိကြရာ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက "နိုင်ငံတော်သမ္မတကြီးကျန်းမာပါစေ၊ ချမ်းသာပါစေ"ဟူသောကြွေးကြော်သံများကြွေးကြော်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ ပန်းဖွားအကများဖြင့်လည်းကောင်း လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမြင့်လှိုင်၊ ဦးစိုးသိန်း၊ ဦးသိန်းညွန့်၊ ဦးခင်မောင်မြင့်၊ ဦးအုန်းမြင့်၊ ဦးအေးမြင့်နှင့် ဒေါက်တာမြအေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်၊ ဦးသန်းထွန်းနှင့် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားဆောက်လုပ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ဖွင့်လှစ်သည့် ပေပင်မြစ်ကူးတံတားသည် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပုသိမ်-ငပုတောလမ်းပေါ်၌ တည်ရှိပြီး တံတားအရှည်ပေ ၇၂၀၊ အကျယ် ၃၁ပေ ရှိသည့် သံပေါင်ရက်မနှင့် ကွန်ကရစ်တံတားကြီးဖြစ်ကြောင်း၊ ယခင်က ငပုတောမြို့သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရေလမ်းကိုသာ အားထားသွားလာနေရသဖြင့် အနီးဆုံးပုသိမ်မြို့သို့ ပင်လေးနာရီခန့် အချိန်ယူသွားလာခဲ့ရကြောင်း၊ မြန်မာနိုင်ငံအတွင်း မြို့နယ် ၃၃၀ရှိသည့်အနက် လမ်းကွန်ရက်နှင့် အဆက်ပြတ်နေသော မြို့နယ် ၁၀မြို့နယ်တွင် ငပုတောမြို့နယ်လည်း ပါဝင်ကြောင်း၊ တစ်နိုင်ငံလုံး လွှမ်းခြုံထားသောလမ်းကွန်ရက်နှင့် ဆက်သွယ်နိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး၊ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလမ်း၊ လမ်း(၁၁)လမ်းအနက် လမ်းအမှတ် ၁၁ ဖြစ်သည့် ပုသိမ်-ငပုတော လမ်းအားတည်ဆောက်ပေးခြင်းဖြင့် ငပုတောမြို့နယ်သည် ပုသိမ်မြို့သို့ တစ်နာရီခန့်ဖြင့် သွားလာနိုင်ပြီး မြန်မာနိုင်ငံနေရာဒေသအသီးသီးသို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရန်အတွက် ပုသိမ်-ငပုတောကားလမ်းတွင် ပေပင်မြစ်ကူးတံတားကြီးကို ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ပေပင်မြစ်ကူးတံတားကြီးကို ၁၀-၁-၂၀၁၁ရက်တွင် ပန္နက်တင်၍ စတင်တည်ဆောက်ခဲ့ရာ ယနေ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ၁၄လနှင့် ၁၅ ရက် အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် ယခင်က တစ်နေရာမှ တစ်နေရာသို့ ဆက်သွယ်သွားလာရာတွင် သင်္ဘောတစ်တန်၊ စက်လှေတစ်တန်၊ ကားတစ်တန်ဖြင့် အဆင့်ဆင့်ခက်ခဲစွာသွားလာခဲ့ကြရာမှ နိုင်ငံတော်အစိုးရက ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် လမ်းကွန်ရက်များစွာကို ဖောက်လုပ်ပေးပြီး ဗိုလ်မြတ်ထွန်းတံတားအပါအဝင် မြစ်ကူးတံတားများစွာကို ဆောက်လုပ်ပေးခဲ့ခြင်းကြောင့် လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့လာခဲ့ကြောင်း၊ ထို့အပြင် ကားလမ်း+ရထားလမ်း ပူးတွဲပါဝင်သည့် ဧရာဝတီတံတား (ညောင်တုန်း) ကိုလည်း ထပ်မံတည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည့်အတွက် ကားလမ်းဆက်သွယ်ရေးအပြင် ရထားလမ်းဆက်သွယ်ရေးများဖြင့် ပိုမိုချောမွေ့ကောင်းမွန်လာခြင်းကြောင့် ကုန်စည်ပို့ဆောင်ရေးတွင် ကားများသာမက ရထားများပါ အသုံးပြုလာနိုင်မည်ဖြစ်ကြောင်း။

ပေပင်မြစ်ကူးတံတားကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သကဲ့သို့ နိုင်ငံတော်၏ စပါးကျီဖြစ်သော ဧရာဝတီတိုင်းဒေသကြီးသည် ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ဒေသထွက်သီးနှံများ၊ ရေထွက်ကုန်ပစ္စည်းများကို နိုင်ငံတစ်ဝန်း လျင်မြန်စွာ ဆက်သွယ်ရောင်းဝယ်ဖောက်ကားနိုင်ပြီး နိုင်ငံခြားပို့ကုန်များပါ လွယ်ကူစွာပို့နိုင်မှုကြောင့် ဒေသ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးစသော ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ငပုတောမြို့နယ်သည် ဆားလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေထွက်ကုန်ပစ္စည်းများထွက်ရှိရာ ဒေသဖြစ်သည့်အားလျော်စွာ ပုသိမ်-ငပုတောလမ်းပေါ်ရှိ တံတားများပြီးစီး၍ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပါက စီးပွားရေးအနေဖြင့် ငပုတောမြို့နယ်သည် တိုးတက်လာမည့်အပြင် ငပုတောဒေသအတွင်း ရေနက်ဆိပ်ကမ်းတည်ဆောက်ပြီးစီးပါက ဒေသအသီးသီးမှ နိုင်ငံခြားပို့ကုန်များလည်း လွယ်ကူလျင်မြန် လုံခြုံချောမွေ့စွာ ပုသိမ်-ငပုတောလမ်းကို အသုံးပြု၍ ပို့ဆောင်နိုင်ခြင်းစသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့

ပက်ဖျန်းပေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေပင်မြစ်ကူးတံတား ကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သက္ကယ်ချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်တို့ ပေပင်မြစ်ကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း **အယ်ဒီတာ့ အာဘော်** (၂၀၁၂ ခုနှစ် မတ် ၂၇ ရက်)

တပ်မတော်အင်အားရှိဖို့ ပြည်သူများကူညီ

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့၌ နိုင်ငံကို ကာကွယ်ရန်အတွက် တပ်မတော်ဟူသည် ရှိကြစမြဲ။ စစ်အင်အားတောင့်တင်းခိုင်မာမှုသည် တိုင်းပြည်အင်အားတောင့်တင်းခိုင်မာမှုပင် ဖြစ်သည်။ တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်။

နိုင်ငံအသီးသီးတွင် ယင်းတို့၏တပ်မတော်ကို စွမ်းရည်ထက်မြက်သည်ထက် ထက်မြက်အောင်၊ တောင့်တင်းသည်ထက် တောင့်တင်းအောင်၊ ခေတ်မီသည်ထက် ခေတ်မီအောင် အစဉ်သဖြင့် ကြိုးပမ်းနေကြ၏။ ခေတ်မီတပ်မတော်သာလျှင် တိုင်းပြည်ကို အထိရောက်ဆုံး ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ခေတ်မီတပ်မတော်ဖြစ်ရေး ကြိုးပမ်းရာတွင် ပြည်သူများ၏ ပူးပေါင်း ပါဝင်ကူညီရေးသည် အထူးအရေးကြီးလှပေသည်။

ယနေ့ မတ်လ ၂၇ ရက်နေ့သည် သမိုင်းအစဉ်အလာကြီးမားသော တပ်မတော်နေ့ပင်ဖြစ်သည်။ မြန်မာ့တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်မွေးဖွားလာခဲ့သော မျိုးချစ်တပ်မတော်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း မတ်လ ၂၇ ရက်နေ့ရောက်တိုင်း တပ်မတော်နေ့အခမ်းအနားကို ကျင်းပခဲ့ပေသည်။ ထိုနေ့သည်ကား ပြည်ပရန်စွယ်ကို မြန်မာ့မြေပေါ်မှ အမြစ်ပြတ်ချေမှုန်းတိုက်ခိုက်ခဲ့သည့် နေ့တစ်နေ့လည်း ဖြစ်ပေသည်။ ထိုသို့ ပြည်ပရန်စွယ်ကို တပ်မတော်က တွန်းလှန်ဖယ်ရှားနိုင်ခဲ့ခြင်းမှာ ပြည်သူများ၏ ကူညီမှုများ ရရှိခဲ့၍ ဖြစ်သည်။ ပြည်သူ့ရင်သွေးတပ်မတော်သားတို့၏ အသက်သွေးချွေးဖြင့် ပြည်ပရန်စွယ် တွန်းလှန်အောင်နိုင်ခဲ့သည့် ဤနေ့သည်ကား မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ရသောနေ့ဖြစ်ပေသည်။

မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးရအောင်လည်း ကြိုးပမ်းခဲ့သည်။ လွတ်လပ်ရေးရပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းအောင်လည်း စွမ်းဆောင်ခဲ့သည်။ တိုင်းပြည်ရန်စွယ်အန္တရာယ်ကျရောက်လာသည့် အခါတိုင်း ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများကိုလည်း ဖော်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ ပြည်သူများ လိုလားတောင့်တနေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် အုတ်မြစ်ကိုလည်း ချပေးခဲ့ပြီးဖြစ်သည်။

တိုင်းရင်းသားညီအစ်ကိုများဖြင့် ဖွဲ့စည်းထူထောင်ထားသော မြန်မာ့တပ်မတော်သည် အစဉ်သဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိ၏။ တပ်မတော်သည် ပြည်သူတို့နှင့် တစ်စိတ်တစ်ဝမ်းတည်းပင်ရှိ၏။ မြန်မာ့တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်ရှင်သန်သော တပ်မတော်လည်း ဖြစ်ပေသည်။ ထို့ကြောင့်ပင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့်စကားအတိုင်း တပ်မတော်အင်အားရှိဖို့ ပြည်သူများက အရာရာမှာ ကူညီကြရပေမည်။ တပ်မတော်သည် ပြည်သူတို့နှင့် တစ်သားတည်းပင်ဖြစ်၏။

ထို့ကြောင့် မြန်မာ့တပ်မတော်ကြီး အစွန့်ရှည် ခိုင်မာတောင့်တင်းရေး၊ ခေတ်မီတပ်မတော်ကြီးအဖြစ် အစဉ်ရပ်တည်နိုင်ရေးအတွက် ပြည်သူအပေါင်းတို့က လက်တွဲကူညီကြရန် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

စာမျက်နှာ ၂ မှ

အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါကလည်း အချိန်တိုအတွင်း ဤလမ်းနှင့်တံတားကြီးကို အသုံးပြုပြီး ဘေးကင်းရာနယ်မြေသို့ ရွှေ့ပြောင်းနိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ် ဧပြီ ၂၃ ရက်တွင် ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားခဲ့ရာ၌ "ရေခြားမြေခြား တသီးတခြားစိတ်ဓာတ်တွေဖျောက်ပြီး ပြည်ထောင်စုစိတ်ဓာတ်တွေ ပေါ်လာအောင်၊ တစ်ရေတည်း၊ တစ်မြေတည်း တစ်ဆက်တစ်စပ်တည်းဖြစ်သွားအောင်၊ အထူးသဖြင့် လမ်းပန်းဆက်သွယ်မှုတွေ ကောင်းမွန်အောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ပေးမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပိုမိုခိုင်မြဲပြီး ပြည်ထောင်စုကြီး မပြိုကွဲ၊ မပျက်စီးအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မှာ ဖြစ်ပါတယ်" ဟူ၍ လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရေးအတွက် အခြေခံဖြစ်သော လမ်းပန်းဆက်သွယ်ရေးသည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကို စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ၁၉၈၈ ခုနှစ် မတိုင်မီက ကတ္တရာလမ်း ၅၅၄၃မိုင်၊ ကျောက်လမ်း ၁၅၆၉ မိုင်၊ အမာခံလမ်း ၃၆၂၈မိုင်၊ မြေလမ်း ၂၈၉၅မိုင်၊ စုစုပေါင်း လမ်းမိုင် ၁၃၆၃၅မိုင် ရှိခဲ့ရာမှ ယခုဆိုရင် ကွန်ကရစ်လမ်း ၃၉၆/၅ဒသမ ၅ မိုင်၊ ကတ္တရာလမ်း ၁၀၃၂၉မိုင်၊ ကျောက်လမ်း ၃၅၀၂/၁ဒသမ ၅မိုင်၊ အမာခံလမ်း ၃၄၅၅/၇ ဒသမ ၅မိုင် မြေသားလမ်း ၄၉၀၉/၇ဒသမ၅မိုင်၊ လမ်းအူကြောင်း ၈၈၅မိုင် စုစုပေါင်း ၂၃၄၇၈မိုင် ၆ ဖာလုံရှိလာပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေးအတွက် ငါးနှစ်စီမံကိန်း၊ နှစ် (၃၀)စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ကျန်ရှိသော ပေ(၁၈၀)အထက် တံတားတစ်စင်းဖြစ်သည့် သက္ကယ်ချောင်းမြစ်ကူးတံတားသည် အရှည်ပေ ၁၈၂၀ရှိပြီး ရေလယ်တိုင်ဘိုးပိုင်လုပ်ငန်းများနှင့် ချဉ်းကပ်တံတားတိုင်များ၊ ရက်မတင်ခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း၊ ရေလယ်ခန်းဖွင့်အကျယ်ရရှိရေးအတွက် ပေ ၂၄၀ အရှည် သံမဏိသံပေါင်တစ်ခုမှာယူထားပြီးဖြစ်သည့်အတွက် သံပေါင်ရရှိပါက မကြာမီ တံတားတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသွားမည်ဖြစ်ကြောင်း။

သက္ကယ်ချောင်းတံတားကြီးပြီးစီးပါက ရေလယ်ကျွန်းအဖြစ် တည်ရှိနေပြီး လမ်းကွန်ရက်နှင့် အဆက်ပြတ်နေသော ငပုတောမြို့အပါအဝင် မြို့နယ်တစ်ခုလုံးသည် လမ်းကွန်ရက်နှင့် ချိတ်ဆက်မိပြီး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပေးခဲ့သော ပေပင်မြစ်ကူးတံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက တံတားကြီးကို စနစ်တကျအသုံးပြုရန် လိုအပ်သကဲ့သို့ ဝိုင်းဝန်းကူညီထိန်းသိမ်းကြရန်လည်း လိုအပ်ကြောင်း၊ လမ်းများ၊ တံတားများ သက်တမ်းပြည့်မီစွာ အသုံးပြုနိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တံတားစည်းကမ်းများအတိုင်း လိုက်နာအသုံးပြုရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဤပေပင်မြစ်ကူးတံတားကြီးအောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် လမ်းညွှန်ပံ့ပိုးပေးခဲ့သော နိုင်ငံတော်သမ္မတကြီးနှင့် ဝိုင်းဝန်းကူညီပေးခဲ့သော ပြည်ထောင်စုဝန်ကြီးဌာနမှ ဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီး၏ ရေမြေသဘာဝသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ မြစ်ချောင်းအင်းအိုင်ပေါများသည့်အတွက် ဒေသဖွံ့ဖြိုးရေးတွင် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးဆုံးကဏ္ဍဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီး၏ ပထဝီအနေအထားအရ မြစ်ချောင်း၊ အင်းအိုင်ပေါများပြီး လမ်းပန်းဆက်သွယ်ရေး ကန့်သတ်ချက်များ ဖြစ်တည်ခဲ့သည့်အတွက် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးသင့်သလောက်မဖွံ့ဖြိုးဘဲ ဒေသဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဒေသတစ်ခုတိုးတက်ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကအကျဆုံးနှင့် အလိုအပ်ဆုံးဖြစ်ပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံပင်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှသာ အခြားသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များ ပြည့်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရထားလမ်း၊ ကားလမ်းမကြီးများအားလုံး ကွန်ရက်ပမာ တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်ပေးခဲ့ပြီး ကားလမ်းပေါက်ရန် တစ်မြို့တည်းသာ ကျန်ရှိသော ငပုတောမြို့နှင့် တိုင်းဒေသကြီး မြို့တော်ပုသိမ်သို့ ဆက်သွယ်သည့် ကားလမ်းမကြီးကိုလည်းဖောက်လုပ်ပေးနေပြီ ဖြစ်သည့်အပြင် လိုအပ်သော တံတားကြီးများကိုလည်း ယနေ့ တည်ဆောက်ဖြည့်ဆည်းပေးခဲ့သည့်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာပြီး ဒေသခံပြည်သူများ၏ စီးပွားရေးဘဝ အခြေအနေကောင်းများကိုလည်း လမ်းစဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးသည် တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုဆိုသည့် အကာအကွယ်အောက်တွင် ဘဝရှင်သန်မှုနှင့် တိုးတက်မှုများကို ဖော်ဆောင်နိုင်မည်ဆိုသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

ထို့ကြောင့် ခေတ်မီတိုးတက်သော တိုင်းဒေသကြီးတစ်ခုကို တည်ဆောက်ရာတွင် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆိုသည့် တည်ငြိမ်အေးချမ်းမှုကို မိမိတို့တိုင်းဒေသကြီး အစိုးရအနေဖြင့် တိုင်းဒေသကြီးလွှတ်တော်၊ တပ်မတော်နှင့် ဒေသခံပြည်သူများနှင့်အတူ မည်သည့်အချိန်ကာလမဆို အစဉ်အလေးထား ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသအတွင်း စီးပွားရေးဘဝပြည့်စုံမှသာ နိုင်ငံရေးအင်အားစု တောင့်တင်းခိုင်မာမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း။

ထို့ကြောင့် စီးပွားရေးအင်အားတောင့်တင်းခိုင်မာရေးအတွက် ဒေသခံပြည်သူများ၏ မူလအခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းများ အထွက်တိုး၍ မူရင်းတန်ဖိုးများကို ယခုထက် နှစ်ဆသုံးဆ ပိုတိုးတက်စေရန်၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ရာသီဥတု ပြောင်းလဲမှုကို ရင်ဆိုင်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် လစ်ဟာမှုမရှိအောင် စေ့စပ်သေချာစွာ စီမံချက်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုဆိုလျှင် ပုသိမ်မြို့မှ နိုင်ငံခြားသို့ ဆန်တိုက်ရိုက်တင်ပို့ရောင်းချသည့် ဆန်တင်သင်္ဘောကြီးဖြင့် စတင်ပို့ဆောင်နိုင်ပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး ပြည်ပသို့ ဆားသင်္ဘောထွက်နိုင်အောင် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်သကဲ့သို့ ပဲမျိုးစုံ၊ သစ်နှင့် ရေထွက်ပစ္စည်းများ တင်ပို့နိုင်ရန်လည်း ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် နှစ်ရှည်စီမံကိန်းအဖြစ် ထိုင်းနိုင်ငံ PTT ကုမ္ပဏီနှင့် ငွေဆောင်ဒေသတွင် ရေနက်ဆိပ်ကမ်းနှင့် မအူပင်၊ ဝါးခယ်မ၊ ပုသိမ်ဒေသများတွင် စက်မှုဇုန်များ တည်ဆောက်နိုင်ရေး၊ ရန်ကုန်-ပုသိမ်ကားလမ်း၊ ရထားလမ်းစီမံချက်၊ ကမ်းလွန်ဓာတ်ငွေ့ပိုက်လိုင်း စီမံချက်များပါဝင်သော စီမံကိန်းကြီးတစ်ရပ်အတွက် ဖြစ်နိုင်ခြေလေ့လာရေး (Feasibility Study)အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုထားပြီးဖြစ်ကြောင်း။

တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေးအတွက် ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများကလည်း CMP ပြည်ပပို့အထည်ချုပ်စက်ရုံလုပ်ငန်းများကို လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းမှာ (၂)နှစ်အတွင်း အကောင်အထည်ပေါ်လာမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူ ၅၀၀၀၀ခန့် အလုပ်အကိုင်အခွင့်အရေးရရှိမည်ဖြစ်ပြီး ပြည်သူများ၏ လူနေမှုဘဝ၊ စားဝတ်နေရေးကိစ္စများ အဆင်ပြေ၍ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အလုပ်သမားနှစ်သိန်းခန့် အလုပ်အကိုင်ရရှိနိုင်မည့် အထည်ချုပ်စက်ရုံလုပ်ငန်းကိုလည်း တရုတ်နိုင်ငံကုမ္ပဏီကြီးတစ်ခုနှင့် ဆွေးနွေးနေဆဲဖြစ်ကြောင်း။

ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက်တွင် အဆင့်မြင့်အထူးကုဆေးရုံကြီးတစ်ရုံနှင့် Shop House များ၊ အဆင့်မြင့်အိမ်ရာစီမံကိန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်က မူအားဖြင့်ခွင့်ပြုခဲ့ပြီးဖြစ်သဖြင့် သက်ဆိုင်ရာကုမ္ပဏီများမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက်တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း။

အလားတူ ပညာရေး၊ ကျန်းမာရေး၊ မြို့ပြစည်ပင်သာယာရေးကိစ္စရပ်များအား သိသိသာသာ တိုးတက်ဖြစ်ထွန်းစေရန် နေ့ညမနား အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုအသီးအပွင့်များကို ဧရာဝတီတိုင်းသားများ မြင်တွေ့ခံစားနေရပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားပြီး တစိုက်မတ်မတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း တင်ပြလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ဖွင့်လှစ်သည့် ပေပင်မြစ်ကူးတံတားဖွင့်ပွဲကို ဧရာဝတီတိုင်းသား နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးသည့်အတွက် ဧရာဝတီတိုင်းသားများကအထူးကျေးဇူးတင်ဝမ်းမြောက်ကြောင်း ထပ်မံပြောကြားလိုပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပေပင်မြစ်ကူးတံတားသစ်ကြီးကို စေတနာထားပြီး တည်ဆောက်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသော လူမှုရေးလိုအပ်ချက်များ ဖွံ့ဖြိုးတိုးတက်မြင့်မားလာရုံမက သွားလာမှုလွယ်ကူချောမွေ့လာမှုကြောင့် ဒေသခံတိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးမှုပိုမိုတိုးတက်ခိုင်မြဲလာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပေပင်မြစ်ကူးတံတားတည်ဆောက်ရေးအတွက်လမ်းညွှန်မှုပြုခဲ့ပါသော နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရအားလည်းကောင်း၊ တံတားသစ်ကြီးကိုသတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ဆောက်လုပ်ပေးခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ တံတားကြီး အချိန်မီ ပြီးစီးရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသော အဖွဲ့အစည်း အသီးသီးအား လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူလူထုကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်၏ ကျေးဇူးကို ပြန်လည်ပေးဆပ်သောအားဖြင့် တံတားကြီးရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် တိုင်းဒေသကြီး အစိုးရနှင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထုအပေါင်းက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားပါမည်ဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေပင်မြစ်ကူးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



ပုသိမ်-ငပုတောလမ်းပေါ်ရှိ ပေပင်မြစ်ကူးတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

27-3 (03).pmd 1 3/27/2012, 3:21 AM

စာမျက်နှာ ၃ မှ

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ပေပင်မြစ်ကူးတံတားတည်ဆောက်ပေးမှုအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်တို့က ပေပင်မြစ်ကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးမှ အင်ဂျင်နီယာများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပေပင်မြစ်ကူးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်လုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့ကလည်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပေပင်မြစ်ကူးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တံတားမုခ်ဦးရှေ့၌ ဒုံးယိမ်းအကဖြင့် ဂုဏ်ပြုကြိုဆိုကြသည့် ကန်ကြီးထောင့်မြို့နယ် သောင်ကြီးကျေးရွာမှ ကရင်ဒုံးယိမ်းအကအဖွဲ့ဝင်များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကရင်ဒုံးယိမ်းအကအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပုသိမ်-ငပုတောလမ်းကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြပြီး သက္ကယ်ချောင်းတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သက္ကယ်ချောင်းတံတားတည်ဆောက်မှု

အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူတို့က တံတားတည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေပင်မြစ်ကူးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဒုတိယဝန်ကြီး ဦးစိုးတင့်တို့အား တံတားတည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ပေပင် မြစ်ကူးတံတားကြီးသည် သံကူကွန်ကရစ်လွန်တူးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး တံတားတိုင်သံကူကွန်ကရစ်၊အပေါ်ထည်သံပေါင်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ တံတားအရှည်ပေ ၇၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်၃ပေ ၆လက်မစီနှင့် ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ ခံနိုင်ဝန်ရှိသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်ခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက် ဖွင့်လှစ်ခဲ့သည့် ၁၂စင်းမြောက် ပေ(၁၈၀)နှင့်အထက် တံတားကြီးဖြစ်ကာ ဧရာဝတီတိုင်း ဒေသကြီး အတွင်း လေးစင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

သွားလာနိုင်မည်

ငပုတောမြို့သည် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ရေလမ်းကိုသာ အားထားသွားလာခဲ့ရသည်။ ယခုကဲ့သို့ ပေပင်မြစ်ကူးတံတားကြီးဖွင့်လှစ်နိုင်ခြင်းကြောင့် ငပုတောမြို့နယ်မှ ပုသိမ်မြို့သို့ တစ်နာရီခန့်ဖြင့် သွားလာနိုင်ပြီး မြန်မာနိုင်ငံဒေသအသီးသီးသို့ တစ်ဆက်တစ်စပ်တည်းသွားလာနိုင်တော့မည်ဖြစ်သည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တံတားဆောက်လုပ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လူတိုင်းကိုယ်စီတာဝန်ကျေပွန်ပြီး စည်းစနစ်ကျကျပြုမူနေထိုင်ကျင့်ကြံပြည့်ဝစစ်မှန်သည့် ဒီမိုကရေစီအနှစ်သာရကို ပိုင်ပိုင်နိုင်နိုင်ခံစားနိုင်မည်

နေပြည်တော် မတ် ၂၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် မတ် ၂၂ ရက် နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ညောင်ဖောက်ကျေးရွာအုပ်စု ကျောမကြားကျေးရွာ၌ ရွှေချောင်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းဖြင့် တောင်သူရှစ်ဦးက မြို့နယ်ကိုယ်စားပြု စိုက်ပျိုးထားသည့် စိုက်ပျိုးအောင်မြင်လျက်ရှိသော ပုလဲသွယ်စပ်မျိုးစပါး ၁၀၈ဧက တစ်ဆက်တစ်စပ်တည်း စိုက်ကွင်း၌ကြည့်ရှုလေ့လာပြီး ရေစကြိုမြို့နယ် မိဖုရားကျေးရွာအုပ်စု မိဖုရားကျေးရွာ ကွမ်းခြံကုန်းဘုန်းတော်ကြီးကျောင်း၌ ကျေးရွာအုပ်စုအတွင်း နေထိုင်ကြသည့် ဒေသခံပြည်သူများနှင့်ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် သုတရသစာစောင်များပေးအပ်သည်။

ယင်းနောက် သာဂေါင်ကျေးရွာအုပ်စု သာဂေါင်ကျေးရွာရှိ "ဉာဏဝီရ" စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး ကျန်းမာရေး၊ လူမှုစီးပွားရေးနှင့် ပညာရေးဆိုင်ရာ ဘက်စုံကဏ္ဍစုံကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းဆွေးနွေးမှာကြားကာ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြေစွန်းတော်ကျေးရွာအုပ်စုဝင်ကျေးရွာများဖြစ်ကြသည့် မြေစွန်းတော်၊ ရွှေလုံ၊ ရွာသစ်ကျေးရွာများအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပိုင်းဝန်းထုဆစ် ဖန်တီးပုံဖော်ရာ၌ လူတစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်သဏ္ဌာန်တွင် မဖြစ်မနေ မွေးမြူစောင့်ရှောက်ထိန်းသိမ်းရမည့် အဓိကအချက်မှာ 'စည်းကမ်းသည် ပထမ၊ စည်းကမ်းသည် ဒုတိယ၊ စည်းကမ်းသည် တတိယ' ဖြစ်ကြောင်း၊ လူတိုင်းကိုယ်စီတာဝန်ကျေပွန်ပြီး စည်းစနစ်ကျကျ ပြုမူနေထိုင်ကျင့်ကြံကြကာ အသိတရားဖြင့် ထိန်းသိမ်းစောင့်ရှောက်မှသာ ပြည့်ဝစစ်မှန်သည့် ဒီမိုကရေစီအနှစ်သာရကို ပိုင်ပိုင်နိုင်နိုင်ခံစားရရှိနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ကျေးရွာအုပ်စုနေပြည်သူများအတွက် အားကစားပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် သုတရသစာစောင်များ ပေးအပ်ကာ ရေစကြိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် မတ် ၂၃ ရက် နံနက်ပိုင်းတွင် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ခင်မွန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ပညာရေး၊ ကျန်းမာရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ခင်မွန်ဆည်ရေသောက် ပခန်းကြီးရွှေဝါမျိုး နွေစပါးဧက ၄၀ တစ်ဆက်တစ်စပ်တည်း စိုက်ခင်းကို ကြည့်ရှုအားပေးပြီး ကျောက္ကာကျေးရွာအုပ်စုဝင် ကျောက္ကာ၊ ချင်းယားကုန်း၊ ကျောက်တံခါး၊ ငွေးပင်ယာကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ထန်းတိုကျေးရွာအုပ်စုဝင် ထန်းတိုကျေးရွာနှင့် မြစ်မှချောင်းကျေးရွာများရှိ ဒေသခံပြည်သူများအား ထန်းတိုကျေးရွာ အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်း၌ တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4

၂၇-၃-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၂၀	MRTV-4 သတင်း
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၁၁၀)
၁၁း၃၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၂၅)
၂း၀၀	MRTV-4 သတင်း
၃း၀၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၃၃)
၄း၀၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၁၁၀)
၅း၁၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၂၅)
၆း၀၀	MRTV-4 သတင်း
၆း၁၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၃၄)
၈း၀၀	MRTV-4 သတင်း
၈း၃၀	**ဘယ်လိုမဲပေးကြမှာလဲ** (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
၉း၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၁၁၁)
၁၀း၄၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၂၆)
၄း၁၀	**ချစ်သောမြေ ချစ်သောရေ** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ

စာဖြေသံဃာတော်များအတွက် ဆွမ်းစရိတ်လှူဒါန်း

နေပြည်တော် မတ် ၂၆

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပထမပြန် စာမေးပွဲကျင်းပရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အထက (၁) ပျဉ်းမနားကျောင်းခန်းမ၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ မြို့နယ်သံဃ နာယကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေးဆရာတော်များ ကြွရောက်တော်မူကြပြီး ၂၀၁၂ ခုနှစ် ပထမပြန်စာမေးပွဲ ဖြေဆိုကြမည့် ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း စုစုပေါင်း ၆၂၇ပါးတို့အတွက် နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ လှူဒါန်းသော ဆွမ်းစရိတ်အလှူငွေကျပ် ၅၆၁၂၂၀၀ ကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းက ပေးအပ်လှူဒါန်းရာ မြို့နယ်သာသနာ့ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလှမြင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ထွေ/အုပ်)

✳ ကျောဖုံးမှ

သံချပ်တွေကနေတစ်ဆင့် လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်က ပြည်သူတွေရဲ့ ပုံရိပ်တွေကို ဖော်ကျူးခံစားကြည့်ပြီး ယနေ့အချိန်နှင့် နှိုင်းယှဉ်ကြည့်ကြစေဖို့ ရည်ရွယ်ပါတယ်" ဟု ယင်းအစီအစဉ်တွင် ပါဝင်တင်ဆက်ပြသမည့် ပဋိစ္စသမုပ္ပါအဖွဲ့၏ ခေါင်းဆောင် ဟာသ လူရွှင်တော်သရုပ်ဆောင် အရိုင်းက ပြောကြားခဲ့သည်။

သံချပ်ဖျော်ဖြေပွဲအား ဒါရိုက်တာမောင်သီ ဦးဆောင်သည့် အနုပညာရှင်များနှင့် Regent Business Academy မှ ကျောင်းသား ကျောင်းသူများ စီစဉ်မှုဖြင့် ဟာသလူရွှင်တော်ဦးမေတ္တာ ဦးစီးသည့် ပြည်သူ့တရားရှင်သံချပ်အဖွဲ့၊ ဟာသလူရွှင်တော်ကုသိုလ်ဦးစီးသည့် ပြီးပါပြီအဖွဲ့နှင့် ဟာသလူရွှင်တော် အရိုင်းဦးစီးသည့် ပဋိစ္စသမုပ္ပါအဖွဲ့တို့က လွန်ခဲ့သည့်အနှစ်သုံးဆယ်ဝန်းကျင်မှ အောင်မြင်ကျော်ကြားခဲ့သည့် ရန်ကုန်သင်္ကြန်သံချပ်များအား မူရင်းအတိုင်းဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် MWD TV Channel များ တိုးချဲ့ထုတ်လွှင့်သည့်ဖွင့်ပွဲတက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၂၆

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၏ နိုင်ငံတကာအဆင့်မီ ဒီဂျစ်တယ်စနစ်ဖြင့် စတင်ထုတ်လွှင့်မည့် မြဝတီရုပ်မြင်သံကြားအစီအစဉ် TV Channel များ တိုးချဲ့ထုတ်လွှင့်သော စက်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါတပ်၏ စက်ရုံသစ်နေရာ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် တက်ရောက်၍ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုးတို့က စက်ရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံသစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ပက်ဖျန်းသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို စက်ရုံသစ်ရှိ Theatre ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တိုးချဲ့ထုတ်လွှင့်မည့် မြဝတီရုပ်မြင်သံကြား အစီအစဉ် TV Channel ခြောက်ခုအား စက်ခလုတ်နှိပ်၍ စတင်ထုတ်လွှင့်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် Theatre အတွင်း နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် စက်ရုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ နိုင်ငံတကာအဆင့်မီ ဒီဂျစ်တယ်စနစ်ဖြင့် MWD Variety, MWD Movies , MWD Series, MWD Music , MWD Documentary, MWD Shopping စသည့် TV Channel ခြောက်လိုင်းအား ယခင်စမ်းသပ်ထုတ်လွှင့်လျက်ရှိရာမှ ယနေ့မှစတင်၍ အစီအစဉ်သစ်များဖြင့် စတင်ထုတ်လွှင့်လျက်ရှိသည်။

ဖမ်းယူကြည့်ရှုနိုင်

ထို့အပြင် ယခင်ထုတ်လွှင့်လျက်ရှိသည့် မြဝတီ TV Channel တစ်ခု၊ သဇင်အသံလွှင့်ဌာနမှ FM Radio Channel တစ်ခုတို့ကိုပါ ဒီဂျစ်တယ်စနစ်ဖြင့် တစ်ပြိုင်တည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကာ မြဝတီရုပ်မြင်သံကြား အစီအစဉ် TV Channel များအား ဂြိုဟ်တုစလောင်းဖြင့် ဖမ်းယူကြည့်ရှုမည်ဆိုပါက Satellite Palapa-D, Satellite Location 113° E, Downlink Frequency 4109.5 MHz, Symbol Rate 11.669012 Mboud, Modulation PSK, FEC ¾, Polarization Horizontal ဟူသည့် အချက်အလက်များအတိုင်း ဖမ်းယူကြည့်ရှုနိုင်သည့်အပြင် MWD Set Top Box များဖြင့် ဖမ်းယူကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မြဝတီရုပ်မြင်သံကြား အစီအစဉ် TV Channel များ တိုးချဲ့ထုတ်လွှင့်သော စက်ရုံသစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် မကွေးတိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် မကွေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ ပခုက္ကူခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုတင်ပြကြပြီး တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်စိန်က ဖြည့်စွက်ဆွေးနွေးကာ ရွေးကောက်ပွဲဝင်ရောက်ကြမည့်နိုင်ငံရေးပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးမေးမြန်းချက်များကို ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး မကွေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၆

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့်ကိုရီးယားသမ္မတနိုင်ငံ Korea Forest Service တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် သစ်တောဦးစီးဌာနရုံးချုပ် အင်ကြင်းခန်းမ၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတက်ရောက်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းဖြစ်ခြင်းကြောင့် သင်တန်းသားများအနေဖြင့် သင်တန်းရည်ရွယ်ချက်များ ပြည့်မြောက်အောင်မြင်နိုင်ရေးအတွက် ခေတ်စနစ်နှင့်အညီ ပြောင်းလဲလာသော သစ်တောထိန်းသိမ်းရေး အခြေခံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားသွန်ခွန်စိုက်ကြိုးပမ်းလေ့လာသင်ယူကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။ **(ယာပုံ)**

သင်တန်းသို့ သစ်တောဦးစီးဌာနနှင့်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအောက်ရှိ ဦးစီးအရာရှိနှင့် တောအုပ်ကြီးအဆင့် သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၃၀ ရက်အထိ ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ထူးချွန်ဆုများချီးမြှင့်

မြဝတီမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ကျင်းပသည့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၄၄)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃၀) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၃ ရက်ကကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်တင် သင်တန်းထူးချွန်ဆုများ ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၂၆

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တရုတ်-မြန်မာ ပူးပေါင်း၍ ''ပျူနိုင်ငံမှ မိန်းမပျိုကချေသည်''ဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လွှင့်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေး

တက်ရောက်အားပေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng တို့ တရုတ်-မြန်မာ ပူးပေါင်း၍ ''ပျူနိုင်ငံမှ မိန်းမပျိုကချေသည်'' ဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လွှင့်နိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၆

တရုတ်-မြန်မာပူးပေါင်း၍ "ပျူနိုင်ငံမှ မိန်းမပျိုကချေသည်" ဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လွှင့်နိုင်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng တို့ တက်ရောက်အားပေးသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့အောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာလည်း တက်ရောက်သည်။

အပြန်အလှန်လဲလှယ်

ရှေးဦးစွာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စတင်ကျင်းပရာ တရုတ်-မြန်မာပူးပေါင်း၍ "ပျူနိုင်ငံမှ မိန်းမပျိုကချေသည်" ဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လွှင့်နိုင်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ရွှေသံလွင်မီဒီယာကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ယူနန်ရုပ်သံလိုင်းဌာနနှင့် ယူနန် (Yun Shi) မီဒီယာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ Mr. Zhao Shuqing တို့က ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng တို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာများ အပြန်အလှန်လဲလှယ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ	
၂၆-၃-၂၀၁၂	ချောက်မြို့ ၄၂ ဒီဂရီ စင်တီဂရိတ်
	မင်းဘူးမြို့ ၄၂ ဒီဂရီ စင်တီဂရိတ်
	မကွေးမြို့ ၄၂ ဒီဂရီ စင်တီဂရိတ်

အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂)ဖွင့်ပွဲ အခမ်းအနားကျင်းပ

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂)ဖွင့်ပွဲအထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၆

ကလေးငယ်များ၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသော ကာကွယ်၍ရသည့်ရောဂါများအနက် ဝက်သက်ရောဂါသည် ကမ္ဘာ့ရင်သွေးများအတွက် အဓိကကျန်းမာရေး ပြဿနာအဖြစ် ဖြစ်ပွားလျက်ရှိနေကြောင်း၊ နှစ်စဉ်မွေးဖွားလျက်ရှိသည့် ကလေးငယ်များကို ဝက်သက်ရောဂါ မဖြစ်ပွားစေရန် ကာကွယ်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်းဖြစ်ကြောင်း၊ မိဘပြည်သူများအနေဖြင့် ဝက်သက်ရောဂါကာကွယ်ဆေးကို မိမိရင်သွေးအသက် ကိုးလတွင် ပထမအကြိမ်၊ တစ်နှစ်ခွဲတွင် ဒုတိယအကြိမ် စုစုပေါင်းနှစ်ကြိမ် အကြိမ်ပြည့်ထိုးနှံပေးရန် လိုအပ်ကြောင်း၊ အကြိမ်ပြည့်ထိုးနှံမှသာ ရင်သွေးငယ်များအား ဝက်သက်ရောဂါဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဤအခွင့်အရေးဆုံးရှုံးမှုမရှိစေရန် မိမိရင်သွေးများကို ကာကွယ်ဆေးထိုးစုရပ်များသို့ ခေါ်ဆောင်လာကာ ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်ရာတွင် မြို့ပေါ်ဆေးထိုးစုရပ်များသာမက ဝေးလံခက်ခဲသည့်ဒေသများရှိ ကလေးများအားလုံး ကာကွယ်ဆေးထိုးနှံခွင့်ရရှိစေရန် စီမံချက်အဆင့်ဆင့်ရေးဆွဲ၍ ကာကွယ်ဆေးထိုးအဖွဲ့ပေါင်း ၉၅၀၀ ခန့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းသည့် ကာကွယ်ဆေးထိုးလုပ်ငန်း ဖြစ်စေရန်အတွက် တစ်ခါသုံးဆေးထိုးအပ်များအသုံးပြုခြင်း၊ ကာကွယ်ဆေးများ အအေးလမ်းကြောင်း မပျက် သိုလှောင်ဖြန့်ဖြူးနိုင်ရန် ကြိုတင်စီစဉ် ဆောင်ရွက်ခြင်း၊ လိုအပ်သောပြုစုကုသမှုများဆောင်ရွက်နိုင်ရန် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပံ့ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း(၂၀၁၂) ဖွင့်ပွဲ အထိမ်းအမှတ်အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံတွင် ဝက်သက်ရောဂါ ကင်းစင်ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုနှင့် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂)ကြိုတင်ပြင်ဆင်မှုမှတ်တမ်း ဗီဒီယိုပြသမှုကိုကြည့်ရှုကြပြီး အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂)ဖွင့်ပွဲအထိမ်းအမှတ် ပြခန်းကိုလည်း ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမရှေ့ရှိ ဝက်သက်ကာကွယ်ဆေးထိုး လုပ်ငန်းစုရပ်၌ ကိုးလမှ ငါးနှစ်အောက် ကလေးငယ် ၅၀ အား ကာကွယ်ဆေးထိုးပေးနေခြင်းကိုကြည့်ရှု၍ ကလေးငယ်များအား ကစားစရာအရုပ်များ ပေးအပ်ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံများအတွက် (၂၀၁၂)ခုနှစ်ကို ပုံမှန် ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှစ် (Year of Intensification of Routine Immunization)အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံကလည်း အဖွဲ့ဝင်နိုင်ငံအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂)ကို မတ် ၂၂ ရက်မှ ၃၁ ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် သတ်မှတ်နေရာများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်း

ချီလီ၌ ရစ်ချ်တာစကေး ၇ ဒသမ ၂ ရှိငလျင်လှုပ် ဆူနာမီဘေးကင်းဝေးရန် ဒေသခံများရွှေ့ပြောင်းခဲ့ရ

ဆန်တီယာဂို မတ် ၂၆

ချီလီနိုင်ငံအလယ်ပိုင်းတွင် မတ် ၂၆ ရက် နံနက် ၆ နာရီ ၃၇ မိနစ်က ရစ်ချ်တာ စကေး ၇ ဒသမ ၂ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ ကမ်းခြေဒေသများမှ ပြည်သူများအား ဆူနာမီဒဏ်မှကင်းဝေးရန် ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း မတ် ၂၆ ရက်က သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

၄င်းငလျင်သည် ချီလီနိုင်ငံအလယ်ပိုင်း တောင်လတ္တီတွဒ် ၃၅ ဒသမ ၁ ဒီဂရီနှင့် အနောက်လတ္တီတွဒ် ၇၁ ဒသမ ၉ ဒီဂရီအကြား မြေအောက်အနက် ၃၀ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်သည်။

ထိုသို့ ငလျင်လှုပ်ပြီးနောက် ပစိဖိတ်ဆူနာမီသတိပေးဌာနမှ ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ပြီး ဟယ်ပါရာဆိုနှင့် ဘိုင်အိုအိုင်မြို့အကြား ကမ်းရိုးတန်းနေဒေသခံများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဒဏ်ရာရရှိ

ယခုအခါ ဆူနာမီသတိပေးချက် ရုပ်သိမ်းခဲ့ပြီး ငလျင်ကြောင့် နေအိမ်နှင့်အဆောက်အအုံအနည်းငယ်သာ ပျက်စီးခဲ့သည့်အပြင် လူသုံးဦးအနည်းငယ်ဒဏ်ရာရရှိခဲ့သည်ဟု သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ကြိုးငယ်မဟုသတိမူ ရန်သူမီးကိုသာ

● ကျောဖုံးမှ

၃၅၇၅၆ ပေရှိတဲ့ ရေအောက်ကြမ်းပြင် သတ်မှတ်နေရာသို့ ဆင်းသက်ပြီးနောက် ရေအောက်ကြမ်းပြင်မှာ လေ့လာမှုတွေပြုလုပ်ပြီး ပစိဖိတ်စံတော်ချိန် မတ် ၂၅ ရက် ည ၇ နာရီ၌ ရေမျက်နှာပြင်ပေါ်သို့ ပြန်လည်တက်ရောက်နိုင်ခဲ့ပါတယ်။

ဂျိမ်းစ်ကင်မရွန်ဟာ သမုဒ္ဒရာကြမ်းပြင်အောက်ကို Deepsea Challenge အမည်ရှိတဲ့ ရေအောက်မှာ စီးနင်းမောင်းနှင်နိုင်တဲ့ တော်ပီဒိုဒီဇိုင်းရေယာဉ်ငယ်နဲ့ ဆင်းသက်ခဲ့ခြင်း ဖြစ်ပါတယ်။ သမုဒ္ဒရာကြမ်းပြင်အောက်ကို ရောက်ပြီးတဲ့အခါ အခြေအနေအားလုံး ကောင်းမွန်ကြောင်း ရေအောက်မှ သတင်းပြန်လည်ပေးပို့ခဲ့ပါတယ်။

ပစိဖိတ်သမုဒ္ဒရာကြမ်းပြင်မှာ ၆ နာရီကြာအောင် လေ့လာသုတေသနပြုမှုတွေ၊ ဓာတ်ပုံနဲ့ ဗီဒီယိုမှတ်တမ်းတွေ၊ သိပ္ပံပညာရှင်တွေအတွက် သုတေသနပြုနိုင်မယ့် အချက်အလက်တွေကို အချိန်ယူပြီး ရယူစုဆောင်းခဲ့တယ်လို့ ဆိုပါတယ်။

အသက် ၅၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျိမ်းစ်ကင်မရွန်ဟာ အခုလိုကမ္ဘာ့ရေအနက်ဆုံးနေရာကို အောင်မြင်စွာ ဆင်းသက်နိုင်ဖို့အတွက် လွန်ခဲ့တဲ့ ခုနစ်နှစ်ကတည်းက ပြင်ဆင်လေ့ကျင့်နေခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၆၀ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ရေအနက်ဆုံးနေရာကို တစ်ဦးစီးရေယာဉ်နဲ့ အောင်မြင်စွာ ဆင်းသက်နိုင်တဲ့ လူသားတစ်ဦးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ***(အင်တာနက်)***

ABC National Women Poll 8-ball Championship ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၆

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်တို့ ကြီးကြပ်၍ ABC မှ အဓိကကူညီပံ့ပိုးပြီး Ambur Electronic က ကျင်းပသည့် ABC National Women Poll 8-ball Championship ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို မတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကုက္ကိုင်းရေကူးကန်၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲ၌ ကူညီပံ့ပိုးခဲ့သော Sponsors များအား အမှတ်တရလက်ဆောင်များပေးအပ်ပြီး ကုက္ကိုင်းရေကူးအသင်း ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲ၌ အမှတ်စဉ်(၁၁)မှ (၂၅)အထိ ရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကာ Ambur Electronic Co.,Ltd. အထွေထွေမန်နေဂျာ ဦးတင်ဆောင်က အမှတ်စဉ်(၅)မှ (၁၀) အထိ ရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက စတုတ္ထ အေမီကျော်နှင့် တတိယ မာလာ(မန္တလေး)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ABC မှ မန်နေဂျင်းဒါရိုက်တာ Mr.Lim Yew Hoe က ဒုတိယ အေမီအောင်နှင့် ပထမ Thander Maung တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ကူညီပံ့ပိုး

မြန်မာနိုင်ငံ၌ ပထမဦးဆုံးကျင်းပသည့် ABC National Women Poll 8-ball Championship ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် Women Poll 8-ball မျိုးဆက်သစ် အမျိုးသမီးများ စိတ်ချမ်းမြေ့စွာ အင်တိုက်အားတိုက် ပါဝင်ယှဉ်ပြိုင် ကစားနိုင်ရေးအတွက် Co., Sponsors များဖြစ်ကြသည့် Phobos, MDG, Canon, Gold Roast, Citygn Enterprise (Haier), 100 Plus Energy 101 နှင့် ကုက္ကိုင်းရေကူးအသင်းတို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးပေးကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နေပြည်တော်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ

❖ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင်လည်း ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကို မြေဧရိယာ ၄၁ ဧကပေါ်၌ တည်ဆောက်ပေးထားပြီး ခုတင်(၅၀)ဆံ့ ဆေးကုသဆောင် နှစ်ဆောင်၊ ပြင်ပလူနာဌာန၊ ခွဲစိတ်ဆောင်နှင့် သားဖွားဆောင်တို့ ပါရှိကာ ဆေးရုံတွင် ခွဲစိတ်ခန်း၊ သားဖွားခန်း၊ သွားဆေးကုသခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ အရေးပေါ်လူနာကုသခန်းနှင့် ကျန်းမာရေးပညာပေးခန်းတို့ကို ထည့်သွင်းတည်ဆောက်၍ လယ်ဝေးမြို့နယ်နေ ပြည်သူများအား ကုသမှုပြုလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးလျက်ရှိသော နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)ကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် မြို့နယ်ဆေးရုံ အမှတ်(၂)(အပေါ်ပုံ)ကို ဆောက်လုပ်ပေးပြီး နေပြည်တော်နေ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသစ်ကို တွေ့ရစဉ်။

တပ်ကုန်းမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။

ပြည်ထောင်စုဖွား ပြည်သူ့သားကောင်း တပ်မတော်

ကိုမြန်မာ

မြန်မာ့တပ်မတော်သည် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော မိဘပြည်သူများမှ ပေါက်ဖွားလာသည့် ပြည်ထောင်စုတပ်မတော်ဖြစ်၏။ သမိုင်းကြောင်းတစ်လျှောက်ကပင် မိမိတို့နိုင်ငံကို အထိပါးမခံဘဲ ကျူးကျော်လာသူ မှန်သမျှကို အရှုံးမပေးတွန်းလှန်လာခဲ့သည်။ ဘိုးဘေးမြန်မာတိုင်းရင်းသားအပေါင်းတို့၏ ဇာတိမာန်ကို အမွေဆက်ခံလာခဲ့သည့် မျိုးချစ်စိတ်ဓာတ်အပြည့်နှင့် အမျိုးသားတပ်မတော်လည်းဖြစ်သည်။

ကမ္ဘာပေါ်၌ လူဦးရေအများဆုံးနှင့် အကြီးဆုံးစာရင်းဝင် နိုင်ငံကြီးနှစ်နိုင်ငံ၏အကြားတွင် နှစ်ပေါင်းထောင်ချီ၍ကြာအောင် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခဲ့ခြင်းက ရှေးမြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်စွာ အမိမြေကိုကာကွယ်နိုင်စွမ်းရှိခဲ့သည်ကို ပြဆိုနေသည်။

ကံမကောင်းအကြောင်းမလှ၍ ကိုလိုနီနယ်ချဲ့ လှိုင်းတံပိုးအောက်သို့ ကျရောက်ကာ ကျွန်သပေါက်ဖြစ်ခဲ့ရသည့်တိုင်အောင် သူ့ကျွန်မခံလိုသည့် တိုင်းရင်းသားအားလုံးက ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့ကိုဆန့်ကျင်တော်လှန်ခဲ့ကြသည်။ လက်နက်ချင်း၊ နည်းပညာချင်း၊ စစ်အင်အားချင်းမမျှ၍ အားမတန်မာန်လျှော့ခဲ့ရသော်ငြားလည်း ပြည်ထောင်စုတိုင်းရင်းသားများ၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်က အလျှံညီးညီး ဆက်လက်တောက်လောင်နေခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မျိုးချစ်ဗမာ့တပ်မတော်နှင့် ဗမာ့တပ်မတော်ဟူသော အမည်အမျိုးမျိုးဖြင့် ခေတ်အမျိုးမျိုးတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး တိုက်ပွဲများနှင့်အတူ မြန်မာတပ်မတော် သန္ဓေတည်ပေါက်ဖွားလာခဲ့ရခြင်း ဖြစ်ပေသည်။

လွတ်လပ်ရေးရပြီးစကာလတွင် တစ်ဖက်စွန်းရောက်သည့် ဝါဒရေး၊ လူမျိုးရေးအစွဲ ပြင်းထန်သူအချို့ကြောင့် ပြည်တွင်းသောင်းကျန်းမှု မီးလျှံစတင်တောက်လောင်ခဲ့ရသော်လည်း ပြည်ထောင်စုကြီးကို သစ္စာစောင့်သိရိုသေသည့် တိုင်းရင်းသားပေါင်းစုံပါဝင်သော မြန်မာ့တပ်မတော်က နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အသက်သွေးချွေးများစွာကို စတေးစွန့်လွှတ်၍ ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ “တိုင်းပြည်ကနုနု၊ မုန်တိုင်းကထန်ထန်” ဟု ဆိုရလောက်အောင် လွတ်လပ်ပြီးစ နိုင်ငံနှင့်မမျှသည့် ခြိမ်းခြောက်မှု အန္တရာယ်များကို ရင်ဆိုင်ကျော်လွှားခဲ့ရသည်။ စင်စစ် ယူဂိုဆလားဗီးယား ပြည်ထောင်စုကဲ့သို့ ပြိုကွဲလုလုအခြေအနေများကို လွတ်လပ်ပြီးစ တစ်နှစ် နှစ်နှစ်ခန့်အတွင်း၌ပင် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင် ကွက်ကွက်ကလေးသာ အစိုးရလက်အောက်၌ ရှိတော့၍ ရန်ကုန်အစိုးရဟု အခေါ်ခံနေရသည့်ဘဝမှ နိုင်ငံနယ်နိမိတ်အတိုင်း ယနေ့ကာလအထိ မှဲ့တစ်ပေါက်မစွန်းဘဲ ထိန်းသိမ်းလာနိုင်ခဲ့သည်မှာ တပ်မတော်၏ စွမ်းဆောင်မှုကြောင့်ဖြစ်သည်ကို အသိအမှတ်မပြု၍ ရနိုင်မည်မဟုတ်ပေ။

ထိုကာလများတွင် ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ထိပါးလာသော ပြည်ပအန္တရာယ်ရန်စွယ်များကိုလည်း တပ်မတော်က တာဝန်ယူ၍ စွမ်းစွမ်းတမံ တွန်းလှန်ခဲ့ရသေးသည်။ ဤသို့ ပြည်တွင်း ပြည်ပ နှစ်ဖက်ခွနေသည့် အန္တရာယ်များကို ရှုပ်ရှုပ်ချွံချွံကာကွယ်ခဲ့ကြရာတွင် တပ်မတော်သားတို့၏ အသက်ပေါင်းများစွာ စွန့်လွှတ်ခဲ့ကြရသည်။ သူရသတ္တိပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြသည့်အတွက် နိုင်ငံတော်မှ စွမ်းရည်ဘွဲ့တံဆိပ်များချီးမြှင့်ခြင်းကိုလည်း ခံခဲ့ကြရသည့် တပ်မတော်သားများတွင် ဗမာတိုင်းရင်းသားစစ်သည်များသာမက အခြားတိုင်းရင်းသားများစွာလည်း ပါဝင်ခဲ့သည်။ ပြည်ထောင်စုကြီးအတွက် သစ္စာရှိရှိ သတ္တိပြောင်စွာ တိုက်ခိုက်ခဲ့ကြသူများတွင် တိုင်းရင်းသားများသာမက အင်္ဂလိုကပြားနှင့် ဂေါ်ရခါးမျိုးနွယ်များနိုင်ငံသားစစ်သည်များပင် ပါဝင်ခဲ့ကြသေးသည်။ ဆိုလိုသည်မှာ မြန်မာ့တပ်မတော်သည် စတင်ဖွဲ့စည်းခဲ့စဉ်ကပင် လူမျိုး၊ ဘာသာမခွဲခြား၊ နိုင်ငံကိုချစ်သူ နိုင်ငံသားများနှင့် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး နိုင်ငံကိုချစ်သောစိတ်၊ ပြည်ထောင်စုကြီးကို ဝိုင်းဝန်းကာကွယ်လိုသောစိတ်များဖြင့် စည်းလုံးညီညွတ်စွာ နိုင်ငံကိုကာကွယ်စောင့်ရှောက်ခဲ့ကြခြင်းဖြစ်သည်။

ဤသို့ နိုင်ငံကိုချစ်သောစိတ်၊ ပြည်ထောင်စုကြီးအဓွန့်ရှည် တည်တံ့အောင် ကာကွယ်စောင့်ရှောက်လိုသော အရင်းခံစိတ်စေတနာတို့ကြောင့် တပ်မတော်သည် ကျစ်လျစ်ခိုင်မာစွာ စည်းလုံးညီညွတ်သည့် ပြည်သူတို့ အားထားရသော အဖွဲ့အစည်းတစ်ခုအဖြစ် စဉ်ဆက်မပြတ် တည်ရှိခဲ့ခြင်းဖြစ်သည်။ မပြောပလောက်သော အဖြစ်အပျက်အနည်းငယ်မျှရှိစေကာမူ မြန်မာ့တပ်မတော်၏ သမိုင်းတစ်လျှောက်တွင် အထက်အောက်အပြန်အလှန် ယုံကြည်လေးစားမှုနှင့် အမိန့်နာခံမှု၊ ပေးအပ်သောတာဝန်ကို မမှိတ်မသုန်ခံယူ၍ ကျေပွန်စွာ ထမ်းဆောင်မှုတို့ဖြင့် ထင်ရှားခဲ့သည်။ အမိန့်မနာခံမှု၊ တပ်တွင်းပုန်ကန်မှုစသည့် ဖြစ်ရပ်မျိုးနည်းပါးလှပြီး နိုင်ငံတွင် အခိုင်မာဆုံး အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ခဲ့သည်။

‘အကွဲအပြဲဇာတ်လမ်း’ဟူ၍ စာတစ်စောင်ပေတစ်ဖွဲ့ ရေးရလောက်အောင် အကွဲအပြဲနှင့်ဂိုဏ်းဂဏအုပ်စုဖွဲ့၊ အားပြိုင်မှုများဖြင့် ပြည့်နှက်နေသည့် နိုင်ငံရေးအသိုက်အဝန်းကြောင့် နိုင်ငံအခြေအနေအားနည်းယိုင်နဲ့ကာ ပြိုလဲလုလုအထိ အခြေအနေဆိုးရွားလာချိန်တွင် အချိန်မီ ဝင်ရောက်ထိန်းမတ်ပေးရသည်မှာလည်း နိုင်ငံ၌ အခိုင်မာဆုံးအဖွဲ့အစည်းတစ်ခုဖြစ်သည့် တပ်မတော်ပင်ဖြစ်သည်။

တစ်ပါတီနိုင်ငံရေးစနစ်နှင့် ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်တို့၏ အားနည်းချက်များကြောင့် ပြည်သူလူထု၏ စားဝတ်နေရေး ကျပ်တည်းလာပြီး ဒီမိုကရေစီ အပြောင်းအလဲကို ရိုးသားစွာ တောင်းဆိုရာမှ ပယောဂပေါင်းစုံ ပူးဝင်လာကာ မင်းမဲ့စရိုက် လွှမ်းမိုးလာပြီး နိုင်ငံတော်အစိုးရယန္တရားတစ်ခုလုံး ရပ်တန့်လုနီးပါး ဖြစ်သွားရချိန်တွင် အခြေအနေကို ဝင်ရောက်ထိန်းသိမ်းပေးခဲ့ရသည်မှာလည်း တပ်မတော်ပင်ဖြစ်သည်။

သို့သော် တပ်မတော်အနေဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန်နှင့် တည်ငြိမ်အေးချမ်းစေရန် ကြိုးပမ်းဆောင်ရွက်ရာ၌ အနှောင့်အယှက် အဟန့်အတားများ စွပ်စွဲပြစ်တင်ပြောဆိုမှုများနှင့်လည်း မလွတ်ကင်းခဲ့ပေ။ စင်စစ်၌ တစ်နိုင်ငံလုံး ယိုယွင်းဆိုးရွားနေသော အခြေအနေတစ်ခုကို ဝင်ရောက်ထိန်းသိမ်းရသည်ဆိုခြင်းမှာ လွယ်ကူသောကိစ္စမဟုတ်။ တစ်ခါတစ်ရံ မလွှဲမရှောင်သာ အင်အားသုံးရသည်လည်း ရှိသည်။ တစ်ခါတစ်ရံ အမုန်းခံ၍ ဆောင်ရွက်ရသည်လည်းရှိသည်။ တစ်ခါတစ်ရံ အထင်အမြင်လွဲမှားခံရသည်လည်းရှိသည်။

မည်သို့ပင်ဖြစ်စေ တပ်မတော်၏ အဓိကရည်မှန်းချက်တာဝန်မှာ ပြည်ထောင်စုကြီးမပြိုကွဲအောင် ထိန်းသိမ်းကာကွယ်ရန်၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် ပိုင်နက်နယ်မြေကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ ဤတာဝန်များသည် သာမန်မည်ကာမတ္တတာဝန်မဟုတ် အသက်တမျှအရေးကြီးသော နိုင်ငံ၏အမျိုးသား အကျိုးစီးပွားလည်းဖြစ်သည်။ ဤသို့ကြီးမြတ်လှသည့် တာဝန်ကို ထမ်းပိုးသယ်ဆောင်ရန်အတွက် တပ်မတော်အနေဖြင့် စေတနာအရင်းခံ၍ အနစ်နာခံ၊ အမုန်းခံ၊ အစွပ်စွဲခံ၊ အထင်လွဲခံကာ ဆောင်ရွက်ခဲ့ရသည်။

အကျိုးစီးပွားထိပါးနစ်နာသူ နိုင်ငံရေးသမားအချို့က တပ်မတော်ကို အာဏာရှင်လက်ကိုင်တုတ်ဟု စွပ်စွဲခဲ့ကြသည်။ အမြင်ကျဉ်းမြောင်းသည့် လူမျိုးရေးဝါဒီအချို့က ဗမာစစ်တပ်ဟု အမည်တပ်သည်။ လူနည်းစုများကို ဖိနှိပ်သည်၊ လူ့အခွင့်အရေးကို ချိုးဖောက်သည်၊ လူမျိုးတုံးသတ်ဖြတ်သည်၊ အစုလိုက်အပြုံလိုက်အမြွှာပြုကျင့်သည် စသည့်မဟုတ်မမှန် အလွန်အကျွံစွပ်စွဲမှုများလည်း ရှိခဲ့သည်။

လွှတ်တော်အတွင်း၌ တပ်မတော်သားကိုယ်စားလှယ် နှစ်ဆယ့်ငါးရာခိုင်နှုန်းပါဝင်နေသည်ကိုလည်း ဒီမိုကရေစီနည်းမကျဟုဆိုကာ မနှစ်မြို့သူများလည်းရှိသည်။ သို့သော် နိုင်ငံ၏ အရုပ်ဆိုးအကျည်းတန်ခဲ့သော ပါလီမန်ဒီမိုကရေစီခေတ်ဦးကာလ အတွေ့အကြုံများအရ တစ်ကွဲတည်းကွဲကာအချင်းချင်း အားပြိုင်နေရာလုရင်း နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားကို လျစ်လျူရှုခဲ့ကြသည့် အတ္တကြီးစိုးသော နိုင်ငံရေးသမားများကြောင့် တိုင်းပြည်ရေတိမ်နစ်မည့် အရေးကို မျှော်တွေးစိုးရိမ်မှုများလည်း တပ်မတော်ဘက်၌ ရှိနေခဲ့ပြန်ရာ ဤသည်ကိုလည်း အဆိုးဆိုနိုင်ရန်ခက်ပေလိမ့်မည်။ ကမ္ဘာပေါ်၌ ဒီမိုကရေစီ သက်တမ်းအရင့်ဆုံးဟုဆိုကြသော အင်္ဂလန်နိုင်ငံတွင်ပင် မျိုးမတ်များလွှတ်တော်ဟုခေါ်သော အထက်လွှတ်တော်တစ်ရပ်လုံးသည် ရွေးကောက်တင်မြှောက်ခြင်းမပြုသော မျိုးမတ်မျိုးနွယ်များက ဆွေစဉ်မျိုးဆက် အမွေဆက်ခံလာခဲ့ကြခြင်းဖြစ်၏။

နိုင်ငံတော်၏ အောင်စစ်သည်

- တိုင်းပြည်အတွက်၊ ယုံကြည်ချက်ဖြင့်
လေးနက်ဓိဋ္ဌာန်၊ ဦးထိပ်ပန်လျက်
နိုင်ငံနွံနစ်၊ ကျွန်အဖြစ်မှ
တစ်ခေတ်ဆန်းကာ၊ လွတ်လပ်ပါအောင်
မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့
အင်အားစုစည်း၊ တစ်သားတည်းလျှင်
ဖွဲ့စည်းခဲ့သည့်၊ ဒို့တပ်မတော်။

- ခရီးအစ၊ ပြုသည်မှလျှင်
ကာလခုတိုင်၊ မယိမ်းယိုင်ခဲ့
နိုင်ငံအတွက်၊ သွေးအသက်ကို
ပေးဆက်ရလည်း၊ ဝမ်းမနည်းဘဲ
ဖွဲ့စည်းခိုင်မာ၊ ချီတက်ပါခဲ့
မြန်မာဟူသည့်၊ ဒို့အမိကို
ပကတိမြေပုံ၊ မပျက်တုံအောင်
ကြိုက်ကြံခက်ခဲ၊ ဒို့လက်တွဲလျက်
ဖွဲ့ပြည့်လျှံမောက်၊ ရဲရဲတောက်ပင်
စောင့်ရှောက်ခဲ့သည့်၊ ဒို့တပ်မတော်။

- ပြည်ထောင်အရေး၊ ညီအောင်တွေးသော်
သွေးရင်းသားရင်း၊ အချင်းချင်းကို
စစ်ခင်းသတ်ဖြတ်၊ ဖြေရှင်းအပ်ဟု
တပ်မတော်သည်၊ မယုံကြည်ဘဲ
ညီညွတ်ခွင့်လမ်း၊ ပြည်တစ်ဝန်းဝယ်
ငြိမ်းချမ်းစေရေး၊ ပန်းတိုင်မွေးအောင်
လေးနက်စိတ်ကြံ၊ သန္နိဋ္ဌာန်နှင့်
နည်းမှန် စနစ်ကျ၊ တည်ဆောက်ပြခဲ့
မြန်မာ့အင်အား၊ ပြည်တွင်းအားဟု
လေးစားကြည်ဖြူ
ပြည်သူကိုသာ၊ မြတ်နိုးစွာဖြင့်
ခုခါဖြောင့်တန်း၊ ရှေ့ဆက်လှမ်းသည်
စွမ်းရည်ရှိသော တပ်မတော်။

- သြော်… ကြည်းနှင့်ရေလေ၊ သုံးဖော်ဆွေဟု
မသွေလက်တွဲ၊ ခိုင်ခိုင်မြဲလျက်
ရဲရဲဝံ့ဝံ့၊ နောက်မတွန့်ဘဲ
စွန့်လွှတ်နိုင်မှု၊ အစပြုသည့်
ပြည်သူ့တပ်မတော်၊ ဒို့တပ်မတော်သား
ရှေ့သော်ဆီးတား၊ အခက်အခဲများကို
ဖယ်ရှားမသွေ၊ အမိမြေအတွက်
ကျော်လွှား မသွေ၊ ပြည်သူတွေအတွက်
မက်မက်မွေ့မွေ့၊ ခရီးရှေ့ကို
ဆက်၍လှမ်းချီ နေဦးမည်။
“ကြည်း ရေ လေ” ဟု သုံးဖော်ညီ။
နိုင်ငံတော်၏ အောင်စစ်သည်။ ။

မြင်းမှူမောင်နိုင်မိုး

အခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်နှင့် လွတ်လပ်သည့် ဈေးကွက်စီးပွားရေးစနစ်ကို ထူထောင်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူတစ်ရပ်လုံးက ညီညွတ်စည်းလုံးစွာ လက်တွဲကြိုးပမ်းလျက်ရှိကြရာ ပြည်သူ၏ သားကောင်းများဖြစ်ကြသော ပြည်သူ့တပ်မတော်အနေဖြင့်လည်း ကြုံတောင့်ကြုံခဲ သမိုင်းဝင်အလှည့်အပြောင်းတွင် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရင်း ပြည်သူတို့နှင့်လက်တွဲကာ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ထမ်းဆောင်သွားမည်။

(၆၇)နှစ်မြောက်[...]

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ [...]
အချုပ်အခြာအာဏာတည်[...]
ခံယူစောင့်ထိန်းရေး၊
- ☆ နိုင်ငံတော်၏ အမျိုးသားနိ[...]
မျိုးချစ်စိတ်ဓာတ်ဖြစ်သည့်[...]
ထမ်းဆောင်နိုင်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သ[...]
တပ်မတော်၏ အဓိကတာ[...]
စောင့်ရှောက်ရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်[...]
ကာကွယ်စောင့်ရှောက်ရန်[...]
ခေတ်မီမျိုးချစ်တပ်မတော်[...]

အင်ဒိုနီးရှားနိုင်ငံ၌လည်း ဒီမိုကရေစီပြုပြင်[...]
အတွင်း စစ်ဘက်ကိုယ်စားလှယ်တို့၏ ပါဝင်မှုရှိခဲ့[...]
အဆုံးသတ်သွားနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်[...]
တစ်ရပ်မဟုတ်မူဘဲ အများပြည်သူတို့၏ အကျိုးစီ[...]
ဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိနေသည်[...]
ရင့်ကျက်ပြည့်ဝစွာဖြင့် အမျိုးသားအကျိုးစီးပွားကို[...]
အားလုံး အပြန်အလှန်နားလည်မှုရှိရှိ ညှိနှိုင်းဆေ[...]

**ယခုအခါ မြန်မာနိုင်ငံ၌ ခေတ်သစ်၊ စန[...]
ပြောင်းလဲ ဖွဲ့စည်းလျက်ရှိသော အချိန်ပင်ဖြစ်သည်[...]
ကာလ၌ မြန်မာ့တပ်မတော်သည်လည်း ပြောင်[...]
အသစ်ထပ်မံကျရောက်လာမည့်သမိုင်းပေးတာဝန်[...]
သည်။**

**ယနေ့ကာလ၌ နိုင်ငံတကာမဟာဗျူဟာအ[...]
ရွှေ့ပြောင်းရောက်ရှိလာပြီဖြစ်ရာ မဟာအင်အားကြီ[...]
ဆီသို့ ဦးတည်လာလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံရေးဇာ[...]
ကမ္ဘာကိုလွှမ်းမိုးထားနိုင်သည့် မဟာအင်အားကြီး[...]
မှုများအတွင်း ဒေသတွင်းနိုင်ငံများမှာလည်း စစ်[...]
ဖြစ်စေ ပတ်သက်နေကြရသည့် အခြေအနေရှိသ[...]
မဟာဗျူဟာအရ အရေးပါသည့်နိုင်ငံတစ်နိုင်ငံ[...]
သတိရှိစွာဖြင့် မိမိကိုယ်မိမိ လုံခြုံစွာကာကွယ်နိ[...]
တပ်မတော်ကို ခေတ်မီ၍အင်အားတောင့်တင်းသော[...]
သောလုပ်ငန်းတစ်ရပ်ပင် ဖြစ်သည်။**

**တပ်မတော်အတွက် နောက်ထပ်အဓိကက[...]
ရာတွင် တစ်ဖက်တစ်လမ်းမှ တက်ကြွစွာ ပါဝင်[...]
တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် ယခင်[...]
တိုင်းရင်းသားများနှင့် စုပေါင်းဖွဲ့စည်းထားသော [...]
တိုက်ခိုက်နေကြရသည့် လုပ်ရပ်များကို မည်သ[...]
ကာလမှသည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်[...]
က အစဉ်တစိုက် ဦးဆောင်ကမ်းလှမ်း ဆွေးနွေ[...]
အခတ်ရပ်စဲရေး ဆွေးနွေးမှု၊ လက်ဝဲညီညွတ်ရေး[...]
လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြည်တွင်းငြိမ်းချမ်းရေး[...]
ဆွေးနွေးကြိုးပမ်းမှု၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်[...]
ကောင်စီတပ်မတော်အစိုးရလက်ထက် တိုင်းရင်းသာ[...]
ဆွေးနွေးဆောင်ရွက်မှုများက သက်သေခံလျက်[...]**

**ယခုလည်း ဒီမိုကရေစီနည်းကျ ရွေးချ[...]
ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေ[...]
စေ့စပ်ဆွေးနွေးညှိနှိုင်းလျက်ရှိရာတွင် အားတက်ဖွ[...]
ထိုသို့ စေ့စပ်ဆွေးနွေးလျက်ရှိသော ငြိမ်းချမ်းရေးက[...]
တက်ကြွစွာ ပါဝင်လျက်ရှိသကဲ့သို့ ဆွေးနွေးမှုလု[...]
ဆောက်ရေး၊ အပစ်အခတ်ရပ်စဲရေး ကိစ္စရပ်များတ[...]
စိတ်ဓာတ်၊ စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် တ[...]
တိုးတက်အောင်မြင်လာသည်နှင့်အမျှ ပေါ်ထွန်းလ[...]
ဆိုင်ရာလုပ်ငန်းများ၌လည်း ပြည်ထောင်စုတိုင်းရ[...]
တိုင်းရင်းသားညီအစ်ကိုမောင်ဖွားများ၏ အကျိုးစီ[...]
သည်။**

**တပ်မတော်အတွက် နောက်ထပ်အရေးပါ[...]
ရှောက်ရေးပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အခြေ[...]
ယခုအခါ ပြည်သူအများစုက ပြည်လုံးကျွတ်ဆ[...]
ရှိနေပြီဖြစ်သည်။ ယင်းအခြေခံဥပဒေနှင့်အညီ ပါ[...]
ရေးစနစ်ကို ထူထောင်နိုင်ရန်အတွက် နိုင်ငံေ[...]
လက်တွဲကြိုးပမ်းလျက်ရှိကြရာ ပြည်သူ၏ သားကော[...]
ကြုံခဲ သမိုင်းဝင်အလှည့်အပြောင်းတွင် အခြေခံ[...]
အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော [...]
စွာ ပါဝင်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း တ[...]
ရပေသတည်း။ ။**

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

(၆၇)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းရေး၊
- ☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

အင်ဒိုနီးရှားနိုင်ငံ၌လည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများစတင်ခဲ့သည့် ၁၉၉၈ ကာလ၌ လွှတ်တော်အတွင်း စစ်ဘက်ကိုယ်စားလှယ်တို့၏ ပါဝင်မှုရှိခဲ့သေးသည်သာဖြစ်ပြီး ၂၀၀၄ ခုနှစ်ကျမှသာ စစ်ဘက်ကိုယ်စားပြုမှု အဆုံးသတ်သွားနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြေခံဥပဒေသည်လည်း လုံးဝပြင်ဆင်၍မရသော ဥပဒေတစ်ရပ်မဟုတ်မူဘဲ အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ အခြေအနေအချိန်အခါတို့နှင့် လိုက်လျောညီထွေစွာ ဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိနေသည်ကို သတိမူသင့်လှပေသည်။ အရေးကြီးသည်မှာ နိုင်ငံရေးယဉ်ကျေးမှုရင့်ကျက်ပြည့်ဝစွာဖြင့် အမျိုးသားအကျိုးစီးပွားကိုဦးတည်ကာ နိုင်ငံရေးပင်မရေစီးကြောင်းအတွင်း ပါဝင်သက်ဆိုင်သူအားလုံး အပြန်အလှန်နားလည်မှုရှိရှိ ညှိနှိုင်းဆောင်ရွက်ကြရေးပင်ဖြစ်ပေသည်။

ယခုအခါ မြန်မာနိုင်ငံ၌ ခေတ်သစ်၊ စနစ်သစ်ဖြင့် ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဆီသို့ ပြုပြင်ပြောင်းလဲ ဖွဲ့စည်းလျက်ရှိသော အချိန်ပင်ဖြစ်သည်။ ဤသို့ မြန်မာ့သမိုင်းတွင် အရေးပါလှသော အလှည့်အပြောင်းကာလ၌ မြန်မာ့တပ်မတော်သည်လည်း ပြောင်းလဲလာသော အခြေအနေအချိန်အခါများနှင့် လိုက်လျောညီထွေစွာ အသစ်ထပ်မံကျရောက်လာမည့်သမိုင်းပေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် ပြင်ဆင်ထားရမည်ဖြစ်ပေသည်။

ယနေ့ကာလ၌ နိုင်ငံတကာမဟာဗျူဟာအခင်းအကျင်းအရ ကမ္ဘာ့အချက်အချာဒေသသည် အရှေ့အာရှဆီသို့ ရွှေ့ပြောင်းရောက်ရှိလာပြီဖြစ်ရာ မဟာအင်အားကြီးနိုင်ငံတို့၏ အင်အားဖြန့်ကြက်မှုများမှာလည်း အာရှပစိဖိတ်ဒေသဆီသို့ ဦးတည်လာလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်၌ အသစ်ပေါ်ထွက်လာသည့် အင်အားကြီးနိုင်ငံနှင့် လက်ရှိကမ္ဘာကိုလွှမ်းမိုးထားနိုင်သည့် မဟာအင်အားကြီးနိုင်ငံတို့အကြား သိမ်မွေ့၍အထိမခံသော မဟာဗျူဟာကျားကွက်ရွှေ့မှုများအတွင်း ဒေသတွင်းနိုင်ငံများမှာလည်း စစ်တုရင်နယ်ရုပ်များသဖွယ် ပါဝင်လိုသည်ဖြစ်စေ၊ မပါဝင်လိုသည်ဖြစ်စေ ပတ်သက်နေကြရသည့် အခြေအနေရှိသည်။ ဤသို့အင်အားထိန်းညှိ လွန်ဆွဲမှုအတွင်း၌ မြန်မာနိုင်ငံကဲ့သို့ မဟာဗျူဟာအရ အရေးပါသည့်နိုင်ငံတစ်နိုင်ငံအနေဖြင့် အမိနိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အစဉ်အမြဲသတိရှိစွာဖြင့် မိမိကိုယ်မိမိ လုံခြုံစွာကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတပ်မတော်ကို ခေတ်မီ၍အင်အားတောင့်တင်းသော တပ်မတော်တစ်ရပ်အဖြစ် ဆက်လက်တည်ဆောက်ရေးမှာ အရေးပါသောလုပ်ငန်းတစ်ရပ်ပင် ဖြစ်သည်။

တပ်မတော်အတွက် နောက်ထပ်အဓိကကျသော လုပ်ငန်းစဉ်တစ်ရပ်မှာ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းမှ တက်ကြွစွာ ပါဝင်ဖော်ဆောင်ရန်ပင်ဖြစ်သည်။ စင်စစ်၌ နိုင်ငံတည်ငြိမ်လုံခြုံရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် ယခင်က တစ်ဖက်နှင့် တစ်ဖက် တိုက်ခိုက်နေခဲ့ကြသော်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် စုပေါင်းဖွဲ့စည်းထားသော တပ်မတော်သည် တိုင်းရင်းသားညီနောင်အချင်းချင်း အကျိုးမဲ့စွာ တိုက်ခိုက်နေကြရသည့် လုပ်ရပ်များကို မည်သည့်အခါမျှ လိုလားနှစ်မြို့ခြင်းမရှိခဲ့ပါပေ။ လွတ်လပ်ရေး ခေတ်ဦးကာလမှသည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်ကာလများတွင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တပ်မတော်က အစဉ်တစိုက် ဦးဆောင်ကမ်းလှမ်း ဆွေးနွေးခဲ့သည်သာဖြစ်သည်ကို ၁၉၄၉ခုနှစ်တွင် ကေအင်ယူနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှု၊ လက်ဝဲညီညွတ်ရေးကြိုးပမ်းမှု၊ ၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီ၏ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှု၊ ၁၉၈၀ပြည့်နှစ်များတွင် ကေအိုင်အေနှင့် ငြိမ်းချမ်းရေးဆွေးနွေးကြိုးပမ်းမှု၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့၊ အဖွဲ့ငယ်များစွာတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်မှုများက သက်သေခံလျက်ရှိပေသည်။

ယခုလည်း ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခံထားရသည့် နိုင်ငံတော်အစိုးရက ရေရှည်တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးအတွက် သဘောတူညီချက်ရရန် ကျန်ရှိနေသေးသောအဖွဲ့များနှင့် စေ့စပ်ဆွေးနွေးညှိနှိုင်းလျက်ရှိရာတွင် အားတက်ဖွယ်ရာ ရလဒ်ကောင်းများလည်း ပေါ်ထွက်လာနေပြီဖြစ်သည်။ ထိုသို့ စေ့စပ်ဆွေးနွေးလျက်ရှိသော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များတွင် တပ်မတော်သားကိုယ်စားလှယ်များလည်း တက်ကြွစွာ ပါဝင်လျက်ရှိသကဲ့သို့ ဆွေးနွေးမှုလုပ်ငန်းစဉ်အတွင်း အကျုံးဝင်သည့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေး၊ အပစ်အခတ်ရပ်စဲရေး ကိစ္စရပ်များတွင် သက်ဆိုင်ရာ တပ်မတော်တပ်ရင်းတပ်ဖွဲ့များက ပြည်ထောင်စုစိတ်ဓာတ်၊ စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်လာသည်နှင့်အမျှ ပေါ်ထွန်းလာမည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားရေး ကူညီပံ့ပိုးမှုဆိုင်ရာလုပ်ငန်းများ၌လည်း ပြည်ထောင်စုတိုင်းရင်းသားသွေးချင်းများမှ ပေါက်ဖွားလာသည့် တပ်မတော်အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်ဖွားများ၏ အကျိုးစီးပွားအတွက် တက်ကြွစွာပါဝင်ထမ်းဆောင်သွားကြမည်သာ ဖြစ်ပေသည်။

တပ်မတော်အတွက် နောက်ထပ်အရေးပါလှသော တာဝန်ကြီးတစ်ရပ်မှာ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အခြေခံဥပဒေမရှိဘဲ ဆယ်စုနှစ် နှစ်ခုကျော်ခန့် ရပ်တည်နေခဲ့ပြီးနောက် ယခုအခါ ပြည်သူအများစုက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် သဘောတူအတည်ပြုခဲ့သည့် အခြေခံဥပဒေ တစ်ရပ်ရှိနေပြီဖြစ်သည်။ ယင်းအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်နှင့် လွတ်လပ်သည့် ဈေးကွက်စီးပွားရေးစနစ်ကို ထူထောင်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူတစ်ရပ်လုံးက ညီညွတ်စည်းလုံးစွာ လက်တွဲကြိုးပမ်းလျက်ရှိကြရာ ပြည်သူ၏ သားကောင်းများဖြစ်ကြသော ပြည်သူ့တပ်မတော်အနေဖြင့်လည်း ကြံ့ကြံ့ခံ သမိုင်းဝင်အလှည့်အပြောင်းတွင် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရင်း ပြည်သူတို့နှင့်လက်တွဲကာ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း တင်ပြရင်း (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလိုက်ရပေသတည်း။ ။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၆

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ရှိ VIP Holding Room ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာလည်း တက်ရောက်သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ရှိ VIP Holding Room ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ယူနန်ချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ပြန်ကြားရေးကဏ္ဍနှင့်စပ်လျဉ်း၍ သတင်းမီဒီယာအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ သတင်းထုတ်ပြန်မှုများ ဖလှယ်ရေး၊ သတင်းနှင့်ပြန်ကြားရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ယူနန် ပိုမိုကြီးမားကျယ်ပြန့်သည့် ရင်းနှီးချစ်ကြည်မှုဖော်ဆောင်နိုင်ရေးအတွက် တရုတ်-မြန်မာ ပထမဆုံး အကြိမ် ပူးပေါင်း၍ (ပျူနိုင်ငံမှ မိန်းမပျိုကချေသည်) ဇာတ်လမ်းတွဲ ရိုက်ကူး ထုတ်လွှင့်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးနှင့် ရုပ်ရှင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုကဏ္ဍနှင့် စပ်လျဉ်း၍ မြန်မာ-ယူနန်ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးအတွက် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ရေးနှင့် ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အောင်သီရိဖောင်ဒေးရှင်းက အခမဲ့သွားနှင့်ခံတွင်း စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး

နေပြည်တော် မတ် ၂၆

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အေးမြင့်သာယာကျေးရွာအုပ်စု၊ ရွာတော်ကျေးရွာအုပ်စုနှင့် အောင်သာယာ ရပ်ကွက်တို့မှ ဒေသခံပြည်သူများအား အောင်သီရိဖောင်ဒေးရှင်းက အေးမြင့်သာယာကျေးရွာရှိ အမှတ်(၁၉၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ အခမဲ့သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှ စတင်၍ ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် သွားဘက်ဆိုင်ရာဆရာဝန် ၂၀ နှင့် အကူဆရာဆရာမ ၂၀ တို့က သွားပိုးစားရောဂါပြသသူ ၂၃ ဦး၊ သွားဖုံးရောင် ရေစီးကမ်းပြို ရောဂါပြသသူ ၅၃ ဦးနှင့် သွားအလှပြုပြင်သူ ၂၀ စုစုပေါင်း ဒေသခံပြည်သူ ၉၆ ဦးတို့အား နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၂ နာရီအထိ အခမဲ့ကုသပေးခဲ့သည်။

အောင်သီရိဖောင်ဒေးရှင်းအနေဖြင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဆိတ်နံ့တုန်းကျေးရွာအုပ်စု၊ ညောင်ပင်ကြီးစုကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာအုပ်စု၊ ကိုးရွာ သပြေကုန်းကျေးရွာအုပ်စု၊ သပြေတန်းကျေးရွာအုပ်စု၊ အေးမြင့်သာယာကျေးရွာအုပ်စု၊ ရွာတော်ကျေးရွာအုပ်စုနှင့် အောင်သာယာ ရပ်ကွက်တို့မှ ဒေသခံပြည်သူ ၃၀၅ ဦးတို့အား မတ် ၂၅ ရက်မှ ၂၆ ရက်အထိ အခမဲ့သွားနှင့် ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မူဆယ်၌ အိမ်တွင်းမှုသင်တန်းဆင်း

မူဆယ် မတ် ၂၆

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၃၄)၊ အဆင့်မြင့်စက်ချုပ် သင်တန်း အမှတ်စဉ် (၃၁) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၃ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစောရင်က သင်တန်းအခြေအနေကို တင်ပြသည်။ ထို့နောက် ထူးချွန်ဆုရရှိသော သင်တန်းသူ နှစ်ဦးအား တာဝန်ရှိသူများက အပ်ချုပ်စက်နှစ်လုံး ချီးမြှင့်ကာ သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဘဝအမောပြေ ဖြစ်ရမယ်

➤ အာကာဟိန်း-ရေးသားသည် ➤

အလွန်ဟိတ်ဟန်ထုတ်လေ့ရှိသော အမျိုးသားကြီးတစ်ဦးသည် သူ၏အိမ်သို့ ဧည့်သည်တစ်ဦး ဝင်လာသည်နှင့် အိမ်တွင် တပ်ဆင်ထားသော ဖုန်းကို ကိုင်ကာ ဧည့်သည်အား မမြင်ဟန်ဆောင်ပြီး စကားပြောလိုက်သည်။

အမျိုးသားကြီး။ ။**ဟုတ်ကဲ့ပါ…ဆက်ဆက်ပြောလိုက်ပါ့မယ်…။**

ဧည့်သည် ။ ။(မတ်တတ်ရပ်ကာ စောင့်လျက်ရှိသည်။)

အမျိုးသားကြီး။ ။**စိတ်ချပါ…ကတိမပျက်စေရပါဘူး…။**

ဧည့်သည် ။ ။(ထိုင်ခုံအလွတ်တစ်လုံးပေါ် ထိုင်ပြီး စောင့်လျက်ရှိသည်။)

အမျိုးသားကြီး။ ။**အဲဒါလုပ်ပေးမယ်…အလုပ်များနေလို့ပါ။**

ဧည့်သည် ။ ။(ထိုင်ခုံပေါ်တွင် စောင့်မြဲစောင့်လျက်။)

အမျိုးသားကြီး။ ။**ဖုန်းပြောမှုကို ဟန်ပါပါရပ်ဆိုင်းရင်း ဧည့်သည်အား စကားပြောလေသည်။**

"ဘာကိစ္စများ ရှိပါသလဲ"

ဧည့်သည် ။ ။အန်ကယ့်အိမ်ဖုန်း ကြိုးပြတ်ကျနေတာတွေ့လို့ လာပြင်ပေးတာပါ။

အမျိုးသားကြီး။ ။**"ဟေ"**

မတ် ၁၈ ရက်က လူကုန်ကူးမှုကာကွယ်တားဆီးရေး ဟောပြောပွဲကို ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်း ဘုန်းတော်ကြီးစာသင်ကျောင်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်မျိုးသန့် ဟောပြောစဉ်။ (၀၄၂)

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်

မိတ္ထီလာ မတ် ၂၆

(၆၇)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ သက်ကြီးအဖွဲ့ဝင်များနှင့် မသန်စွမ်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၂၁ ရက် နံနက် ၁၀ နာရီက အမှတ် (၁) မီးသတ်စခန်း အစည်းအဝေးခန်းမတွင် ကျင်းပရာ တာဝန်ရှိသူများက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် စုစုပေါင်း ၁၃၈ ဦးအား စုစုပေါင်းငွေကျပ် ၂၃၆၅၀၀၀ ကို ထောက်ပံ့ချီးမြှင့်ခဲ့ကြောင်းနှင့် ထောက်ပံ့ချီးမြှင့်ခံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကိုယ်စား သက်ကြီးအဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(၀၃၃)**

မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် နော်ဝေသံအမတ်ကြီး တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၂၆

ထိုင်းနိုင်ငံအခြေစိုက် နော်ဝေသံရုံးမှ သံအမတ်ကြီး H.E. Mrs. Katja Chr. Nordgaard နှင့် သံမှူးကြီး Mr. Arne Jan Flolo တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးလှမောင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်ဇော်တို့သည် မတ် ၁၉ ရက် နံနက် ၁၀ နာရီခွဲက အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုရှိနေသည့် ကိစ္စ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းချုပ်နှင့် ပြည်ပရှိအဖွဲ့အစည်းများပူးပေါင်း၍ သင်တန်းများ ဖွင့်လှစ်သင်ကြားနေခြင်းကိစ္စ၊ မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာဖလှယ်နိုင်ရေးကိစ္စ၊ နော်ဝေနိုင်ငံ စွမ်းအင်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့ မေလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ရန် စီစဉ်လျက်ရှိသည့်ကိစ္စ၊ ဆက်သွယ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာကိစ္စ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

(အပေါ်ပုံ) (ကုန်သည်/စက်မှုအသင်းချုပ်)

မြတ်မော်တင်စွန်းဘုရား၌ ဆီမီးပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၂၆

အင်းစိန်မြို့နယ် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ကဦးဆောင်၍ ဘုရားဖူးဦးရေ ၁၀၀ကျော်ပါဝင်သည့်အဖွဲ့သည် မတ် ၆ရက် ည ၇ နာရီက ဧရာဝတီတိုင်းဒေသကြီးရှိ မဟာကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်ကြီးနှင့် အရံစေတီတော်များတွင် လျှပ်စစ်မီးဖြင့်ထွန်းညှိပူဇော်ခြင်း၊ အကြိမ် (၄၀)မြောက် ဆီမီး၊ နံ့သာ ၉၉၀၀စီ စေတီတော်ကြီး၏ရင်ပြင်တော်၌ ထွန်းညှိပူဇော်ဆက်ကပ်ကြသည်။ ထို့နောက် စေတီတော်ကြီးတွင်အသုံးပြုရန် မီးစက်ဝယ်ယူရေးအတွက် အလှူငွေပေးအပ်ပွဲများကို စေတီတော်ကြီး၏ရင်ပြင်တော်၌ကျင်းပရာ စေတီတော်ကြီးအလှည့်ကျဂေါပက အဖွဲ့ဝင်တစ်ဦးထံ ဆီမီး ၉၉၀၀အဖွဲ့နာယက ဒေါ်နန်းအေးလှိုင်၊ ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားလွှတ်တော်ရှေ့နေ)၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသီ (တရားလွှတ်တော်ရှေ့နေ)၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားလွှတ်တော်ရှေ့နေ)၊ အမှုဆောင် ဒေါ်မြမြအေး (အမက-၁၂၊ အင်းစိန်)နှင့် ဘုရားဖူးအဖွဲ့ဝင်များက အလှူငွေကျပ် ၂၁၆၀၀၀ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၃၁)**

ရိုးရာပန်းပညာရှင်များ သတင်းပို့ရန် နှိုးဆော်ထား

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ မတ် ၂၉ နှင့် ၃၀ ရက်တွင် ကျင်းပမည့် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၏ မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်စာများအား မြို့နယ်အသီးသီးသို့ စာတိုက်မှတစ်ဆင့် ပေးပို့ထားပြီးဖြစ်သည်။

နာယကများ၊ ဗဟိုအမှုဆောင်များနှင့် တက်ရောက်ခွင့်ရ မြို့နယ် အသီးသီးမှ ကိုယ်စားလှယ်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မတ် ၂၈ ရက်နောက်ဆုံးထားပြီး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး ရုံးအဖွဲ့မှူး ဖုန်း-၃၈၅၂၅၉ သို့ ဆက်သွယ်သတင်းပို့နိုင်ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(ရိုးရာပန်းအစည်းအရုံး)**

လျှပ်စစ်အန္တရာယ်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး မင်္ဂလာဒုံမြို့နယ်၌ အသိပညာပေးဟောပြော

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က မီးသုံးစွဲသူတို့ လျှပ်စစ်အန္တရာယ်ကင်းစွာ မီးသုံးစွဲနိုင်စေရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စာသင်ကျောင်းများ၊ ဈေးများအစရှိသည်တို့တွင် အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက် နံနက် ၉ နာရီခွဲက မင်္ဂလာဒုံစည်ပင်ဈေးအုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်လျှပ်စစ်ရုံးအုပ်ချုပ်ရေးမှူး၊ ရန်ကုန်မြောက်ပိုင်းဇုန် မီးသတ်တပ်ဖွဲ့မှ တာဝန်ခံဦးအေးကျော်တို့သည် လျှပ်စစ်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဆွေးနွေးဟောပြောကြပြီးနောက် **(အပေါ်ပုံ)** စည်ပင်သာယာဈေးအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဈေးမိဈေးဖများ လိုက်ပါ၍ ဈေးအတွင်းလျှပ်စစ်မီးအသုံးပြုနေမှုနှင့် မီးသတ်ရေကန်၊ မီးသတ်ပိုက်များ ထားရှိမှုအခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဓမ္မာရုံကျောင်းဆောင် ဆောက်လုပ်ရန်၌ ငွေလှူဒါန်း

ရန်ကုန် မတ် ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မြို့မ (၄) ရပ်ကွက် ဗိုလ်ချုပ်လမ်း ရေကန်ကျောင်းတိုက် ဂေါပကအဖွဲ့မှ ဦးစီး၍ ဓမ္မဝိဇယဓမ္မာရုံကျောင်းဆောင် ဆောက်လုပ်ရန်အတွက် လှူဒါန်းငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် သီဟသူလမ်းနေ ဦးမင်းလှိုင်၊ ဒေါ်အေးအေးနွယ်မိသားစုကငွေကျပ် သိန်းငါးဆယ်နှင့်လေးသောင်း၊ ဦးအုန်းညွှန့်(သား)မောင်နေဝင်းနှင့် ညီအစ်ကိုမောင်နှမတစ်စုတို့က ငွေကျပ် ၂၃ သိန်းတို့ကို ကျောင်းဆောင်ဆောက်လုပ်ရန်အတွက် မတည်စိုက်ထူငွေအဖြစ် ဓမ္မာရုံကျောင်းဆောင် ဆောက်လုပ်ရေးဦးစီးနာယက ကျောင်းတိုက်ဆရာတော် ဦးကေသရထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၁၅၁)**

မန္တလေးတိုင်းဒေသကြီး ကုန်သည်/စက်မှုအသင်းဝင်များ ပြပွဲတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၂၆

အိန္ဒိယသမ္မတနိုင်ငံ Bombay Exhibition Centre ၏ ဖိတ်ကြားချက်အရ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်ဒေါက်တာကျော်မင်းဦး ဦးဆောင်သည့် ၁၄ဦးပါ အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့တွင်ကျင်းပမည့် India Engineering Sourcing Show သို့တက်ရောက်ရန်အတွက် မတ် ၂၁ရက် နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (၁၆၈)**

သံတောင်ကြီး၌ ဝက်သက်ရောဂါဆိုင်ရာ အသိပေးဆွေးနွေး

သံတောင်ကြီး မတ် ၂၆

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း အသိပေးဆွေးနွေးပွဲကို မတ် ၈ ရက် နံနက် ၁၀ နာရီက သံတောင်ကြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်နိုင်က လုပ်ငန်းရည်ရွယ်ချက်နှင့် ဆောင်ရွက်ထားရှိမှုအစီအမံများကိုရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်ကျန်းမာရေး)**

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိအမြဲရှိ

မြန်မာ့အလင်း မှု ခင်း သ တင်း

တစ်ရွာတည်းသားချင်း အချင်းများရာမှ လူသတ်မှုဖြစ်

ရမည်းသင်း မတ် ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ချောင်းဖျားကျေးရွာ၌ ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းက တစ်ရွာတည်းသားချင်း အချင်းများရာမှ လူသတ်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ရမည်းသင်းမြို့နယ် ဇီးဖြူကုန်းကျေးရွာမှ တစ်ရွာတည်းသားများဖြစ်ကြသော ဇော်မင်း အသက်(၃၀)နှင့် စိုးနိုင် အသက်(၃၈) နှစ်တို့သည် ဝါးခုတ်ရန် ချောင်းဖျားရွာသို့ ရောက်ရှိနေကြစဉ် အရက်မူးနေသော ဇော်မင်းက နောက်ပြောင်ကျီစယ်၍ စိုးနိုင်၏ ဇနီး မမြင့်အေးကို ဆွဲလိုက် တွန်းလိုက်ပြုလုပ်ရာ ကိုယ်ဝန်ဆောင်ဇနီးသည် လဲကျသွားမည်စိုးသောကြောင့် စိုးနိုင်က ဇော်မင်းကို မတွန်းရန်ပြောရာမှ အချင်းများကြပြီး ချောင်းဖျားကျေးရွာ ဦးဝင်းမောင်လေး၏ ဈေးဆိုင်ရှေ့၌ စိုးနိုင်က အသင့်ပါလာသော ဝါးခုတ်ဓားမဖြင့် ဇော်မင်းအား ခုတ်ရာ နေရာမှာပင် သေဆုံးသွားခဲ့သည်။

ဖော်ပြပါ ဖြစ်စဉ်ကို ကြည့်ခြင်းဖြင့် တစ်ရွာတည်းသားပင်ဖြစ်စေ နောက်ပြောင်ကျီစယ်မှုကို သတိလက်လွတ်မပြုသင့်ကြောင်း၊ အရာရာတိုင်းကို ဒေါသရှေ့တန်းတင်၍ မဖြေရှင်းသင့်ကြောင်း၊ မှုခင်းတစ်ရပ်ဖြစ်ပွားပါက လူမှုရေးမှအစ စီးပွားရေးအဆုံး နစ်နာဆုံးရှုံးမှုများ ကြုံရတတ်သည်ဖြစ်ရာ အားလုံးက သတိမူဆင်ခြင်ဖွယ်ရာ သင်ခန်းစာယူဖွယ်ရာအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

(ဝင်းဝင်းမော်-သတင်းစဉ်)

ယာဉ်တိုက်မှုကြောင့် တစ်ဦးသေ၊ ၂၀ ဒဏ်ရာရ

ကလေး မတ် ၂၆

မတ် ၂၂ရက် ည ၇နာရီခွဲခန့်က ကလေး-တမူးကားလမ်းမကြီးပေါ်၌ တောင်မှမြောက်သို့ ယာဉ်မောင်းတင်အုန်းမောင်းနှင်လာသော ဖူဆို အမျိုးအစား ၇က/. . . သံတင်ယာဉ်နှင့် မြောက်မှ တောင်သို့ ယာဉ်မောင်းသန်းမြင့်ဦး မောင်းနှင်လာသော ၈၄/. . . ထော်လာဂျီယာဉ်တို့ မျက်နှာချင်းဆိုင် အရှိန်ပြင်းစွာတိုက်မိသဖြင့် အမျိုးသား ၁၆ ဦး အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၁ ဦး အပြင်းအထန်ဒဏ်ရာရရှိပြီး ဆေးရုံသို့ တင်ပို့ခဲ့ရာ ဒေါ်ညို အသက်(၅၀) ချင်းဆိုင်ကျေးရွာနေသူမှာ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ **(၁၆၅)**

ပခုက္ကူတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ စကားဝိုင်းကျင်းပ

ပြည် မတ် ၂၆

ပန်းတောင်းမြို့နယ် တလုပ်ပင်ကျေးရွာအုပ်စု ကျွဲရဲကျေးရွာတွင် မတ် ၁၆ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသူနှင့် အဖွဲ့ဝင်များ၊ ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဘောက်နန်နှင့် အဖွဲ့ဝင်များ၊ ပန်းတောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒေသခံချင်းတိုင်းရင်းသူများနှင့်တွေ့ဆုံ၍ စကားဝိုင်းဆွေးနွေးပွဲကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီးနောက် ချင်းတိုင်းရင်းသူများမှ အမျိုးသမီးရေးရာအဆိုပြုလွှာများ ပေးအပ်ကြသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ရင်ထိုးတံဆိပ်တပ်ဆင်ပေးပြီး အမျိုးသမီးရေးရာဝတ်စုံများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ချင်းတိုင်းရင်းသူများနှင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပသည်။ ထို့နောက် ချင်းတိုင်းရင်းသားရိုးရာဝတ်စုံများနှင့် ရိုးရာဂျပ်ခုပ်ရက်လုပ်ခြင်းလုပ်ငန်းများကို လေ့လာခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကျူးကျော်အဆောက်အအုံများ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာစံပြကျေးရွာ အမှတ်(၂)ရပ်ကွက်အတွင်းရှိ ဈေးလမ်းမကြီးနှင့် ထန်းပင်ကုန်းလမ်းမတို့အား ဆက်သွယ်ထားသော လမ်းမြေပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများကြောင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါကျူးကျော်အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားပေးပါရန်တင်ပြအပ်ပါသည်။

အမှတ်(၂) ရပ်ကွက်သား

အက်စစ်လုပ်ငန်းအား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် ရွာလယ်လမ်းခြံတစ်ခုအတွင်းရှိ အက်စစ်လုပ်ငန်းကြောင့် အက်စစ်ဆေးရေများ ရပ်ကွက်အတွင်းရှိ ကန်စွန်းခင်းများအတွင်းသို့ စီးဝင်နေပါသဖြင့် စားသုံးသူများ ကျန်းမာရေးထိခိုက်နိုင်ပါသောကြောင့် အဆိုပါ အက်စစ်လုပ်ငန်းအား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရွာလယ်လမ်းသားများ**

ကြက်ခြံမှအနံ့ဆိုး ဆောင်ရွက်ပြီးဖြစ်

၅-၂-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသော **ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရှမ်းစုကျေးရွာလမ်းသစ်လမ်းမကြီးပေါ်ရှိ ကြက်ခြံမှ အနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Li Ji Heng ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာလည်း တက်ရောက်သည်။

တွေ့ဆုံရာ၌ မြန်မာ-တရုတ် နှစ်နိုင်ငံမဟာဗျူဟာမြောက် ချစ်ကြည်ရင်းနှီးမှု လေးနက်ခိုင်မြဲရေး၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးတွင် အဓိကကျသော ယူနန်ပြည်နယ်နှင့် လမ်းပန်းဆက်သွယ်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

☆ တပ်မတော်၏ အဓိကရည်မှန်းချက်တာဝန်မှာ ပြည်ထောင်စုကြီး မပြိုကွဲအောင် ထိန်းသိမ်းကာကွယ်ရန်၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် ပိုင်နက်နယ်မြေကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်။ ဤတာဝန်များသည် သာမန် မည်ကာမတ္တ တာဝန်မဟုတ် အသက်တမျှ အရေးကြီးသော နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားလည်းဖြစ်သည်။ ဤသို့ကြီးမြတ်လှသည့်တာဝန်ကို ထမ်းပိုးသယ်ဆောင်ရန်အတွက် တပ်မတော်အနေဖြင့် စေတနာအရင်းခံ၍ အနစ်နာခံ၊ အမုန်းခံ၊ အစွပ်စွဲခံ၊ အထင်လွဲခံကာ ဆောင်ရွက်ခဲ့ရသည်။

ကိုမြန်မာ၏ ဆောင်းပါး စာ-၈၊ ၉

☆ နိုင်ငံတော်၏ အောင်စစ်သည်

မြင်းမူမောင်နိုင်မိုး၏ ကဗျာ စာ-၈

သင်္ကြန်သံချပ်များ ပြန်လည်နားသောတဆင်နိုင်မည်

ရန်ကုန် မတ် ၂၆

သွန်းဝသန် – ရေးသားသည်

ရန်ကုန်သင်္ကြန်များအတွင်း လွန်ခဲ့သည့်အနှစ် ၃၀ နီးပါးအချိန်မှ ပျောက်ကွယ်နေခဲ့သည့် သံချပ်သရုပ်ပြ အက၊ အလှ၊ ဟာသဖျော်ဖြေရေးအစီအစဉ်များကို ယခုနှစ်သင်္ကြန်ကာလတွင် ပြန်လည်ခံစားနိုင်ရန်အတွက်စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

ခံစားကြည့်စေချင်

"အရင်က ဒီလိုသံချပ်တွေကြောင့် သင်္ကြန်ကာလတွေက အလွန်ပဲ ပျော်စရာကောင်းခဲ့တယ်။ လူနေမှုဘဝရဲ့ ပုံရိပ်တွေကိုဖော်ပြရာမှာ သံချပ်က အများကြီးထင်ဟပ်စေတယ်။ ဒီနေ့ခေတ်လူငယ်တွေကိုလည်း ခံစားကြည့်စေချင်တယ်။

စာမျက်နှာ ၄ ကော်လံ ၅ ✱

ရှေးရိုးရာနှင့်အညီ ဖော်ကျူးလျက်ရှိသည့် မန်းသင်္ကြန်မှ မြို့မငွေနန်းမောင် အလှပြယာဉ်ကို တွေ့ရစဉ်။

ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန် ကမ္ဘာ့ရေအနက်ဆုံး ဆင်းသက်နိုင်ပြီ

လော့စ်အိန်ဂျလိစ် မတ် ၂၆

မောင်မောင်မြင့်ဆွေ – ရေးသားသည်

*ကမ္ဘာကျော်ရုပ်ရှင်ကားတွေဖြစ်တဲ့ တိုင်တန်းနစ်နဲ့ Avatar ဇာတ်ကားတွေ ရိုက်ကူးခဲ့တဲ့ ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်**(ယာပုံ)**ဟာ မတ် ၂၅ ရက်က ကမ္ဘာ့သမုဒ္ဒရာရေအနက်ဆုံးကို တစ်ဦးစီးရေယာဉ်ငယ်နဲ့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။*

ဒါရိုက်တာဂျိမ်းစ်ကင်မရွန်ဟာ ပစိဖိတ်သမုဒ္ဒရာအတွင်းမှာရှိတဲ့ ဂူအမ်ကျွန်းရဲ့ အနောက်တောင်ဘက်ရေအောက်အနက်

စာမျက်နှာ ၆ ကော်လံ ၃ ●